လရောင်ကျူးရင့်

# ကျွန်မချစ်တဲ့လင်



## စာဖတ်သူများသို့ ပန်ကြားချက်

ကျွန်မကိုယ်တိုင် ရေးသားသော လရောင်ကျူးရင့် ကလောင်နာမည်ဖြင့် လုံးချင်းဝတ္ထုများကို ပတ္တမြားသိုက် စာပေတစ်ခုတည်းမှသာ ထုတ်ဝေဖြန့်ချိလျက် ရှိပါသည်။

လရောင်ကျူးရင့် ကလောင်ဖြင့် ယခင်က ရေးသားထုတ်ဝေခဲ့သော စာအုပ်များနှင့် ပတ်သက်၍လည်းကောင်း၊ ပတ္တမြားသိုက် စာပေမှ ထုတ်ဝေလျက် ထုတ်ဝေပြီး စာအုပ်များနှင့် ပတ်သက်၍လည်းကောင်း ကျွန်မ၏ ခွင့်ပြုချက်မရှိဘဲ Online Media များပေါ်၌ Screenshot များတင်ခြင်း၊ Link များ ပြုလုပ်၍တင်ခြင်း၊ PDF ဖိုင်များ ပြုလုပ်၍တင်ခြင်း၊ Application များ ပြုလုပ်ပြီး Download ဆွဲ၍ အသုံးပြုနိုင်ရန် ပြုလုပ်ခြင်း၊ မိတ္တူကူးယူ၍ ရိုက်နှိပ်ဖြန့်ချိခြင်း၊ တခြားသော နည်းအမျိုးမျိုးဖြင့် ကူးယူဖြန့်ချိခြင်းများကို ကျွန်မ၏ ခွင့်ပြုချက်မရှိဘဲ ပြုလုပ်ခွင့်မရှိကြောင်း ပန်ကြားအပ်ပါသည်။

လရောင်ကျူးရင့်

******

အခန်း (၁)

ပြောတော့ ပဲခူးအပိုင်ထဲမှာ အတူတူပါပဲတဲ့..။ မြို့ပေါ်ကနေ တောပိုင်း ဆင်းလာရတာ ဒီလောက်တောင် ကားတစ်တန် နွားလှည်းတစ်တန်နဲ့ ရောက်လည်း မရောက်နိုင်။ သူက ပဲခူးသားဆိုပေမယ့် ရန်ကုန်မှာ အနေ များသည်။ ကျောင်းပြီးတဲ့အထိ ဘယ်အိမ်မှာဖြစ်ဖြစ် နေလို့ရပေမယ့် ကျောင်းပြီးတဲ့နောက်ပိုင်းမှာ ဘယ်ဆွေမျိုးကမှ မကြည်လင်တာလေးက လွဲ၍...

"ဒီမှာ ဘကြီးခင်ဗျ.. ကံကျစ်လုံရွာက ဘယ်မှာလဲ.."

"ဟေ.."

"ကံကျစ်လုံက ဘယ်နှကံကျစ်လုံ ရှိနေတာလဲ မသိဘူး.. ကျွန်တော် ခုနက မေးလိုက်တဲ့ ကလေးလေးက 'ဘယ်ကံကျစ်လုံကိုလဲ'လို့ မေးနေလို့ပါ..."

ပခုံးပေါ်မှာ ထင်းခြောက်စည်း သေးသေးလေး တင်ထားသည့် အသက် ခြောက်ဆယ်ခန့် လူကြီးက သူ့ကိုကြည့်ရင်း မျက်မှောင်ကုတ်သွားကာ...

"ကံကျစ်လုံက တစ်ခုပဲရှိပါတယ်.. ဒါပေမဲ့ ကံကြီးလူနဲ့ ကံကျစ်လုံတော့ ခဏခဏ မှားတတ်ကြတယ်ကွ၊ ဧည့်သည်တွေပေါ့ကွာ.. အမှတ်မှားပြီး တလည်လည် ဖြစ်နေကြတာ..."

"ဟာ.. ဒါဆိုဟုတ်ပြီ၊ ကျွန်တော်လည်း လည်နေတာ ဘကြီး.. ကံကျစ်လုံ က ဘယ်မှာလဲဟင်.."

"အခု မောင်ရင်ထွက်လာတာ ကံကျစ်လုံပဲ.."

ဟင်...

သူစိတ်ညစ်သွားကာ နောက်ပြန်လှည့်ကြည့်မိ၏။ ဒီရွာမှာတော့ သူငယ်ချင်းဖြစ်သူကို မေးလို့မရပါ။ ထိုအခါ ကံကြီးလူနာမည်နဲ့ ထပ်မေးဖို့

စိတ်ကူး၍...

"ဒါဆို ကံကြီးလူ..."

"ကံကြီးလူက ဝေးတယ်.. ဒီကနေ နွားလှည်းနဲ့ ခပ်သော့သော့နှင် ရင်တောင် အနည်းလေး တစ်နာရီခွဲလောက် စီးရတယ်.."

"ဟာ... နာမည်ကျ ဆင်တူနေပြီးတော့..."

"အေး... ရွာချင်းကတော့ ဝေးတယ်..."

"ဟာ... အဘ... အဘ.. နေပါဦး၊ အဲဒီရွာမှာ အဘအသွားအလာ ရှိလား ဟင်.. သူရိန်မင်းကို သိလား၊ သူ့မိဘတွေက ချမ်းသာတယ်တဲ့.. ရွာနီးချုပ်စပ်ကတောင် မသိတဲ့လူ မရှိဘူးတဲ့..."

"ဟုတ်ရင်လည်း ဟုတ်မှာပေ့ါကွာ... ကျုပ်ကတော့ သိပ်မသိပါဘူး၊ အဲဒီ ရွာက ဇာတ်ကြီးလွန်းလို့.. သိပ်လည်း အဝင်အထွက် မလုပ်ဖြစ်ပါဘူး.."

"ဘာဇာတ်လဲ အဘ.. တစ်ရွာလုံး ဇာတ်ကကြတာလား..."

လူကြီးမျက်လုံးတွေ သူ့ဆီ ရောက်လာပုံက စိတ်ပျက်စွာ။ တောလမ်း ပူပူ လောင်လောင်မှာ ခေါင်းစွပ်တွေ အိတ်အပိုတွေ ကြိုးစတွေ မျက်စိနောက် ဖွယ်နှင့် အပေါ်ထပ် အင်္ကျီဖားဖား ဘောင်းဘီရှည်နဲ့ ဝေါကင်းရှူးကို စီးထား သည့် သူ့ပုံစံ။ ထို့ပြင် လှိုင်းတွန့်စိပ်သော ဆံပင်ရှည် ကုပ်ထောက်နှင့် ဘာ ပုံစံပေါက်နေလို့ ဘယ်လို စိတ်ပျက်ဖွယ်တွေ တွေ့ရှိသွားသည်ကို မသိ သော်လည်း...၊

"အဟွန်း.. မသိလို့မေးတာပါ..."

မျက်နှာချိုသွေးလိုက်မှ စိတ်ကို တစ်ထစ် လျှော့လိုက်ပုံရှိလျက်...၊

"ဇာတ်ကြီးတယ်ဆိုတာ မောင်ရင့်ကို ရှင်းပြနေရင် ကျုပ်ပခုံးပေါ်က ထင်း ခြောက်တွေ မီးဖိုပေါ် မတင်ရဘဲ မီးထတောက်လိမ့်မယ်ဟေ့.. သိချင် သွား

သာ ကြည့်ပေတော့၊ နေမင်းဆိုလား သူရဆိုလား.. ဒီနေ့နှစ်လပြည့်ဆိုလား နှစ်နှစ်ပြည့်ဆိုလား.. ဆွမ်းသွတ်လုပ်နေတယ်၊ တစ်ရွာလုံး မီးခိုးတိတ်ကျွေးတာ.."

'ဆိုလား' ပေါင်းများစွာနှင့် စကားကို စိတ်ရှည်လက်ရှည် နားထောင်နေပြီးမှ...

"ဆွမ်းသွတ်တယ် ဟုတ်လား... သေသွားတာပေ့ါ၊ သူရိန်မင်း သေသွားပြီလား..."

သွားပြီဆိုသည့် ခံစားချက်က သတင်းအရ မသေချာသေးဘဲ ရင်ထဲကို အတိအကျ ဝင်၏။ သူ့အတွက် သူ့ရဲ့မနက်ဖြန်အတွက် တစ်ဦးတည်းသော အားကိုးဖွယ်...၊

တော်လေး.. မင်းတော့ ခွေးဖြစ်ပြီ..

ရင်ထဲမှာ အထပ်ထပ် ပြောနေမိရင်း ညောင်ပင်ရိပ်မှာ ဖင်ထိုင်ကျသွားခဲ့သည်။ သူ့ပခုံးမှာ အဝတ်အစား အနည်းငယ်ပါသည့် ခရီးဆောင် အိတ်လေး တစ်လုံးပဲ ပါသည်။ ပြီးတော့ အပေါ်ထပ် အင်္ကျီအိတ်တွေထဲမှာ ဘောင်းဘီအိတ်တွေထဲမှာ အားလုံးထဲက နှိုက်ထုတ်ရင်တောင် ငွေတစ်သောင်း ပြည့်တော့မည်မထင်...၊

"မင်းကောင်က သူဌေးဆိုရင်တော့ ဖြစ်နိုင်ဖွယ်ရှိတယ်.. သေတာက လူချမ်းသာ သားသမီးပဲ၊ အိမ်ထောင်ကျတာတောင် မကြာသေးဘူးတဲ့.. ကံကြီးလူက လူတွေကို သွားမကြည့်နဲ့၊ ချမ်းသာတဲ့လူတိုင်း သူတို့ကိုယ်သူတို့ နတ်ပြည်မှာ ဘုံပေါက်နေသလို စိတ်ကြီးဝင်နေကြတာ.. ငါတော့ ခဏနားတယ်၊ စကားစမြည် ပြောဖြစ်ရင်တောင် ကြားသမျှ နားထောင်တာပဲ ဘာမှ ဝင်မပြောဘူး.. စကားမှားပြန်ရင်လည်း ဟိုဟာဒီဟာတွေက ရှိသေး..."

ဒီလူကြီး ဘာတွေပြောသွားမှန်း သေချာပြန်မတွေးမိပါ။ သူ့ကို ငေးငိုင် မှင်တက်သွားစေသည့် သတင်းက ထိုရွာသည် သူရိန်တို့ရွာ ဖြစ်နိုင်ချေများနေခဲ့လျက် သေဆုံးသူသည် သူရိန်မင်းသာဖြစ်ဖို့ သေချာနေရာ ညောင်မြစ်ဆုံပေါ်မှာ ငုတ်တုတ်မေ့လေသည်။ မျက်စိတစ်ဆုံးမှာ ရှိနေသော ကျယ်ပြောသော လယ်ကွင်းလယ်ကွက်တို့နှင့် ကောင်းကင်ယံမှာ အုပ်စုဖွဲ့ ပျံသန်းနေကြသော ငှက်ဆယ်ကောင်ခန့်။ ပြီးတော့ မြက်ခြောက်ဖုတ်တို့ ဖုံးနေသော ရေမရှိသည့် မြောင်းနှုတ်ခမ်းမှာ ဘာတွေရှာဖွေနေသည်မသိသော ခွေးတစ်ကောင်။ ပြီး သူရယ်။ နွေနှောင်းပိုင်း၏ စစ်သူကြီးတစ်ဦးရဲ့ ဒေါသကဲ့သို့ မီးကုန်ယမ်းကုန် တောက်လောင်နေလျက် သူအပါအဝင် အနည်းငယ်သော သက်ရှိသတ္တဝါတို့က တစ်နေရာစီမှာ မျှော်လင့်ချက် တစ်မျိုးစီနှင့်...၊

သတိတရ ပြန်မော့ကြည့်လိုက်တော့ ငှက်တွေ အုပ်စုလိုက်က ဘယ်ပျောက်သွားသည် မသိ။ ကျန်ခဲ့တာ သူရယ် ခွေးရယ်..

"ဟေ့ကောင်.. သွား..."

"ဒေါက်.. ဂျောက်.."

အနားမှာ တွေ့သည့် ကျောက်ခဲလုံးနှင့် ကောက်ထုပစ်လိုက်တော့ ခွေးက ခဲနဲ့မထိဘဲ ကိန်ခနဲ အော်ပြီး ပြေး၏။

"ငါက ခွေးတစ်ကောင်နဲ့ နေစရာလား.. ဒိုးလိုက်တော့ မင်း.."

ခွေးကို ဝေးဝေးရောက်အောင် ပေါက်လွှတ်လိုက်ပြီးမှ မြစ်ဆုံမှာ ပြန်ထိုင်သည်။ လက်ဖဝါး နှစ်ဖက်ကို ပွတ်သပ်ခါပြီး ကိုယ်ထိုင်နေသည့်နောက်ကို ပြန်လှည့်ကြည့်သည်။ အရေးကြီးဆုံးက ကျောချစရာနေရာ။ သူ့အတွက် တွေးဖို့ ရေးဖို့ အလိုအပ်ဆုံးက ဇိမ်ကျကျ ကျောခင်းစရာနေရာပဲဖြစ်သည်။ လူဖြစ်လာလျှင် လောကီစည်းစိမ် အပြည့်အဝ ခံစားနိုင်ရမည်။ ဘဝတိုးတက်ဖို့ ကြိုးစားနေကြတာချင်း အတူတူ ပင်ပန်းမှ နည်းလမ်းကျ

တာလား..။ သူ့နှုတ်ခမ်းမှာ ပြုံးရိပ်ထင်၏။ ခပ်လျှောလျှော ညောင်မြစ်မှာ ကျောခင်းလိုက်ပြီး အိတ်ကို ခေါင်းအုံးသည်။ အညာလေ မဟုတ်ပေမယ့် ပဲခူးတောတန်းက ဖြတ်သန်း တိုက်ခတ်လာသည့် နွေလယ်ခင်း လေပြည်က လည်း နွေးစိမ့်စိမ့်လေးပါ။ နေပြောက်မထိုးသာအောင် အုပ်ဆိုင်းနေသည့် ညောင်ပင်ကြီး ကို အပင်အောက်က ငေးနေရင်း ပူပင်သောကကို ကြာကြာ လွယ်ပိုး မထားတတ်သော အကျင့်က သဘာဝလေအေးနဲ့ တောလမ်းဘေး က အရသာမှာ နစ်မျောသွားခဲ့၏။ သူ့အတွက် ပူပင်သောကတွေ ဝေနေလို့ လည်း ဘာမှ ပိုထူးလာဖွယ် မရှိသည့်အဖြစ်ကို လူလားမြောက်ပြီဆိုတည်း က ဘယ်သူမှ ပြောပြဖို့ မလိုဘဲ သိနေခဲ့သည်။ မိဘမဲ့ အခြေအနေမဲ့ ဘဝမှာ ဆွေမျိုးအားလုံးကတော့ တောင့်တင်းသူလည်းရှိ မပြေလည်တဲ့ လူလည်းရှိ။ အားလုံးတူညီတာက သူ့အပေါ်မှာတော့ ဘယ်ဆွေမျိုးကမှ အကောင်းမမြင် ကြပေ။ သူ့မိဘတွေ ကျန်ရစ်ခဲ့သည့် သစ်သီးခြံလေး မကုန်သရွေ့ စောင့်ရှောက်ပေးကြသည်။ ဒါကုန်ရင် ငါ့ဘဝသွားပြီဆိုတာ နားလည်လာ သည့်အချိန်မှာ ဒါကို သူဆုပ်ကိုင်ထားခဲ့၏။ ထို့ကြောင့် သူ ပညာသင်ခဲ့ရ သည်။ ကောင်းကောင်း အရွယ်ရောက်ခွင့် ရခဲ့သည်။ တက္ကသိုလ် နောက်ဆုံးနှစ် မတက်ရသေးခင် သစ်သီးခြံကို ရောင်းပစ်လိုက်ပြီဟု သတင်းလွှတ်လိုက်သည့်နောက် ဆွေမျိုးတွေအားလုံး ဒီနေရာမှာပဲ ဖုံးကွဲ ကြ၏။

"ငါတို့ကို အစိမ်းတုံးဗန်းပြပြီး ဘယ်လောက်ပေးပါဦး.. ကျောင်းက ဘာလို လို့ ကျူရှင်က ဘာညာ၊ ဟော့.. ခုတော့ ခြံလည်းမရှိတော့ဘူး၊ ငါတို့က အဲလို ကုန်မှာစိုးလို့ ထိန်းသိမ်းပေးဖို့ ကြိုးစားတာ.. ‘မင်းက လူစားတာမနာလို လောက်စားတာနာလို’ ဆိုတဲ့ ကောင်မျိုးပါလား၊ ခြံကို ဖုန်းဆိုးမြေအဖြစ်ခံ ပြီး ကျိတ်ပြီး ခွဲခြမ်း စိတ်ဖြာနေတယ်..."

"မဟုတ်ပါဘူး လေးလေးရာ.. လူတစ်ယောက်လုံး ဒီအရွယ်ထိ ရှင်သန်လာခဲ့တာ၊ ဒီမြေလေးတစ်ကွက်နဲ့ပဲလေ..."

"အံမာ.. အံမာ..."

"သူများနဲ့စာရင် ကျွန်တော်က အတော်ချွေတာတဲ့ကောင်..."

"တော်လေး..."

"ပြောပြတာ..."

"မင်းပါးစပ်ကိုပိတ်ထားပြီး ငြိမ်ငြိမ်နေလိုက်စမ်းပါ.. ပုံစံက ပြန်မပြောနားမထောင်၊ ပြောပြီဆို တစ်လုံးမှ နားထဲမဝင်တော့ဘူး.."

နားထဲဝင်အောင် ထည့်ပေးလို့ရတဲ့ စကားလုံးရှိလို့လား...။ ပြောရင်လည်း မကြိုက်။ ဒီလိုအဆင်မပြေမှုတွေကို ကိုယ့်မှာလည်း လွယ်ပိုးထားခဲ့ရတာ သူတို့ကလည်း ကိုယ့်ဘဝရဲ့ ကယ်တင်ရှင်ကြီးတွေလို ခေါင်းစဉ်တပ်ချင်ကြသည်။ ကျေးဇူးတော့ ကျေးဇူးပါပဲ.. ဒါပေမဲ့ မျှော်လင့်ချက်တွေနဲ့ ငါးစာချတာကို ဘယ်လိုခေါင်းစဉ် တပ်ပေးရမလဲ...။ နိုးပါ.. လူလူချင်းလည်သူစားကြတာပဲ.. ဆိုတဲ့စကား သူတို့ပဲ ပြောနေကြတာ။ တကယ်တမ်းလည်လို့ စားလိုက်တော့လည်း ဆတ်ဆတ်ခါ...၊

"ဒီကောင်လေး လူတွေကို ပတ်တီးရိုက်သွားတာ.."

"ခြံကို ဖွဲ့ခွေရောင်းချနေတာ ဘယ်သူမှမသိအောင် ဘယ်လိုတောင်လဲ.. တောက်..."

ဒေါသပုန် ထကုန်ကြသည်။ မိဘတွေ ရှိသေးရင်တော့ မဆင်းရဲမချမ်းသာသော မိသားစုမှာ သူက တစ်ဦးတည်းသောသား။ မိဘတွေ ကွဲကွာကြ အသေစောကြ ဖြစ်ကုန်သည့်နောက်မှာ ဒီပစ္စည်းတွေကို ဘယ်သူပိုင်မလဲ.. သူပိုင်တာကို သူဘာလုပ်လုပ် လုပ်လို့မရဘူးလား...။ ဆွေမျိုးတွေရဲ့

သတ္တိက မက်စရာလေးတွေ ဖြစ်နေရင်တော့ ဒီကောင်လေးကို သူတာဝန်ယူရမည် ငါတာဝန်ယူမည်။ မက်စရာ မရှိတော့ဘူးဆို သွားစမ်း..

ဒါပေမဲ့ သူကတော့ ရန်နိုင်သလောက် ယူခဲ့ပြီးမှ ထွက်လာတာပါ။ သူ့ဘဝမှာ ကြင်ကြင်နာနာ မပြောင်းမလဲ ခင်မင် တွယ်တာခဲ့ရတာဆိုလို့ တစ်ယောက်ပဲရှိသည်။ ထိုသူက သူရိန်မင်းဆိုတဲ့ သူငယ်ချင်း..

"မင်းက မိဘမဲ့လည်းဆိုသေးတယ်.. ဘာမှမရှိဘူးလည်း ပြောသေးတယ်၊ နေတာတော့ သူဌေးသား ရှုံးလောက်တယ်..."

သူရိန်မင်းနဲ့ စတွေ့တော့ ပြောခဲ့တဲ့စကားလေး..။ ဆံပင်ခပ်ပွပွ ကုပ်ထောက်နှင့် သူ့ပုံစံရယ်၊ ဘိုကေရှင်းရှင်းကို အုန်းဆီပြောင်နေအောင် လိမ်းထားသည့် ခပ်တုံးတုံး လူပုံချောလေးရယ်။ သူတို့နှစ်ယောက် တက္ကသိုလ်မှာ အတူတက်ခဲ့ဖူးကြသည်။ ရာသီခွင်တစ်ခုလုံး မဟုတ်ပေမယ့် နောက်ဆုံးနှစ်တစ်နှစ်တည်းမှာပဲ သူ့ရဲ့ အရင်းနှီးဆုံး သူငယ်ချင်း ဖြစ်သွားခဲ့သည်။ သူက ပွင့်ပွင့်လင်းလင်း ခပ်ပျော်ပျော်သမား။ သူရိန်မင်းကတော့ အေးဆေးသိမ်မွေ့တဲ့သူ။ နှစ်ယောက်က အသွင်မတူပေမယ့် စိတ်နဲ့ပေါင်းသင်းခဲ့တဲ့ သူငယ်ချင်းတွေ ဖြစ်သည်။ ဆွေမျိုးတွေအပေါ်မှာ သူဘာကြောင့် စိတ်ပျက်ခဲ့ရသလဲ ဆိုလျှင် သူရိန်မင်း အိမ်ကိုပါလာသည့် ခဏလေးမှာတောင် ကိုယ့်ပေါင်ကိုယ်လှန်ထောင်းဖို့ အသင့်ရှိနေကြသည့် အဖြစ်က...၊

"ဟဲ့.. အပြင်မှာထိုင်နေတာ နင့်လိုပဲ တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ်လား၊ ငါတို့ကို တစ်ယောက်ပဲ နှိပ်စက်ခိုင်းပါ တော်လေးရယ်နော်.. အထုပ်အပိုးနဲ့ သယ်မလာပါနဲ့.."

ဆိုတာမျိုး..။ နံရံတစ်ချပ်ခြားပြီး ကွယ်ရပ်မှာ ပြောတာပေမယ့် အသံဗို့အားက သေးသေးလေးမဟုတ်။ အံ့ဩစရာ ကောင်းတာက သူရိန်မင်းက စိတ်ဆိုးရှက်ရွံ့ပြီး တကယ် ထပြန်မသွားခဲ့ဘဲ သူကတောင် စိတ်မကောင်း

ဖြစ်နေသေးကာ...၊

"မင်းကလည်း မင်းပဲ.. သူများနဲ့နေတယ်ဆိုတာ သူများကျေနပ်အောင် အလိုက်သိရတယ်၊ ပြောရရင် သိတတ်မှုဆိုတာ နယ်ပယ်တစ်ခုမှာ ဝင်ဆံ့ခြင်းပဲကွ..."

"မဝင်ဆံ့တော့ ဘာဖြစ်လဲ.. ဝင်ဆံ့ဖို့လည်း မကြိုးစားဘူး၊ မဝင်ဆံ့လို့လည်း ဝမ်းမနည်းဘူး.. ငါ့ကို တစ်ကောင်ကြွက် ကောင်လေးဆိုပြီး သနားကြင်နာမှု သက်သက်နဲ့ ဘယ်သူငဲ့ညှာခဲ့တာ ရှိလို့လဲ၊ ငါ့မိဘကျန်ခဲ့တဲ့ အကြွင်းအကျန်လေးကို မျှော်ကိုးပြီး.. ဟွန်း ငါ့ကို လျှော့တွက်ထားတာ..."

"လျှော့တွက်မိတော့ ကုန်သွားတာပေါ့ကွာ.. မင်းကရော မိဘအမွေဆိုပြီး ထိန်းသိမ်းထားခဲ့ လို့လား..."

"ထိန်းသိမ်းပြီး ဘာလုပ်ရမှာလဲပြော.. အခု ငါအဲဒါနဲ့ ရင်းနှီးခဲ့လို့ ပညာတတ်တယ်၊ ဒီအရွယ်အထိ ရပ်တည်လာနိုင်တယ်.. အဲဒါ ငါ့ရဲ့ ထုခွဲခြင်းနည်းပညာပဲ.."

ပြောပြလိုက်တာ ရင်ထဲကအတိုင်း..။ ဆွေမျိုးတွေက ဒါကိုမက်ပြီး သူ့ကို ဟိုက ခေါ်ထားမယ် ဒီက ခေါ်ထားမယ် ဖြစ်နေကြသည်။ ခေါ်ထားတော့လည်း ထမင်းတစ်လုတ် တုတ်တစ်ချက်..၊

"ဟဲ့.. ငပျင်းလေးထစမ်း၊ စောင်တွေသွားရတ်.. မိုးတွေသည်းနေပြီ..."

"ဟဲ့.. ထစမ်း ထစမ်း၊ အမလေး.. ဥပုသ်နေ့ကြီးမှာ ဖားသွားရိုက်တယ်၊ ငါးရှဥ့်ဖမ်းတယ်.. ပြီးတော့ မွန်းလွဲအောင် အိပ်တယ်၊ နင့်ကြောင့် လာဘ်တိတ်တယ် တော်လေးရေ.. ကိုထွန်းတို့အိမ်ပဲ ပြောင်းနေစမ်းပါဟယ်၊ နင့်ကို စိတ်ကုန်လွန်းလို့..."

"အောင်မယ်လေး.. ငါးဟင်းတွေ စားပစ်လိုက်တယ်၊ နင့်ကို ဘယ်သူ စား

ခိုင်းနေလို့လဲဟင်.. နင်က အိမ်မှာ ဘယ်နှစ်ပြားရှာပေးလို့ ငါဦးတောင်ဦး ဖျား ဖယ်ထားတဲ့ဟင်းကို စားရဲတာလဲ.."

စသဖြင့်သော ဆဲရေးသံတွေက သူငယ်စဉ်တည်းက ကြားနေကျတွေပါ။ အရွယ်လေး ရလာတော့ တစ်မျိုး....၊

"နင်သုံးဖို့ထိ လက်ဖြန့်နေတာ မရှက်ဘူးလား.."

"ငါ့မှာ ရှိရင် ပေးနေတာပဲ.. ဒီလခတော့ မတတ်နိုင်ဘူး..."

"တက္ကသိုလ် ကျောင်းသားပဲ ဖြစ်နေပြီ.. ကိုယ့်ကျောင်းစရိတ် ကိုယ်ရှာ.."

"ရည်းစားထားဖို့များ စိတ်ကူးရင် ကိုယ့်အိပ်ခင်း ကိုယ်လိပ်ပြီး စောစောစီးစီး ကြွပါ ဆရာသမား.. ရှင်သာ မတော်တဆ မိန်းမရသွားရင် ဟောဒီအိမ်မှာ နေခုနစ်စင်း တစ်ပြိုင်တည်း ထွက်သွားတာထက် ဆိုးသွားလိမ့်မယ်"

သူ့အတွက် စေတနာသုံးတန် သဒ္ဓါလေးဝနဲ့ ကျွေးမွေးထောက်ပံ့ခဲ့တာ ဘယ်သူရှိသလဲ.. ဒါကြောင့် သူ ဒီတိုင်း တုံ့ပြန်ခဲ့တာလည်း စေတနာမှန်သော ကံတရားပဲ မဟုတ်ဘူးလား...၊

"အလုပ်ကျ မလုပ်ဘူး.. နေ့ရွှေညရွှေ မျက်နှာလေး ခဏလေးမြင်ရတယ်၊ မြင်လိုက်ရရင် တုံးလုံး.. ထပါ သွားပါဆိုလို့မရ၊ အလုပ်လုပ်ရင် သူများကို ပြန်ခိုင်းတယ်.. ကိုယ်စားမယ့် ထမင်းကို မစားဘဲကျွေးပစ်ပြီး ခိုင်းတာကရှိသေး၊ ပျင်းတဲ့နေရာမှာ ထမင်းငတ်ခံပြီး ပျင်းတယ်.." လို့ တစ်ရပ်ကွက်လုံးကြားအောင် အော်နေသေးသည်။ သူ့အဖြစ် သူတွေးကြည့်လိုက်တိုင်း ဆွတ်ပျံ့ လွမ်းမောဖွယ် ဆိုတာ မရှိခဲ့။ ရေ့လျှောက် သာယာမယ်လို့ တွေးစရာမမြင်။ ဘဝသည် ဤသို့ ရှိလာခဲ့ပြီ..၊

"အ.."

လက်မောင်းတစ်ဖက်ကို တစ်စုံတစ်ခုက ဖိဆွဲထားသလို လေးလံနေပြီး လှုပ်လို့တောင်မရ..၊

ဟင်..

သူ့မျက်လုံးတွေ ပွင့်သွားလျှင် သစ်ပင်အောက်မှာ သူအိပ်ပျော်သွားတာကို သတိရလိုက်သည်နှင့် တစ်ပြိုင်နက် လက်မောင်းပေါ်မှာ ခေါင်းအုံးပြီး အိပ်ပျော်နေသည့် သူမသည်..၊

"ဟိတ်.... ဟိတ် ဒီမှာ..."

"ဟင်.."

သူမက မျက်လုံးဖွင့်ကြည့်သည်။ အိပ်ရေးမဝသလို မျက်နှာလေး မဲ့သွားပြီး ထထိုင်ကာ မျက်လုံးတွေကို လက်ခုံနဲ့ ပွတ်နေသည်။ သူ့မှာသာ မိန်းကလေးတစ်ယောက်ကို မြင်လိုက်လို့ အထိတ်တလန့်တွေဖြစ်ကာ ပတ်ဝန်းကျင်ကို ဟိုရှာဒီရှာ။ သူမကိုယ်ကို လက်မောင်းပေါ်က တွန်းချ တစ်ယောက်တည်း ပျာယီးပျာယာတွေ ဖြစ်သွားခဲ့သည်။ သူမကတော့ ဘာမှ ထူးဆန်း မထွေပြားသလို ငုတ်တုတ် ထထိုင်လိုက်ပြီးမှ...၊

"ဘာဖြစ်တာလဲ ကိုမင်းရယ်.. အလန့်တကြားကြီး.."

"မင်းက ဘယ်သူလဲ.. ဒီကို ဘယ်လိုလုပ်..."

"ကျွန်မက ကိုမင်းမိန်းမလေ.."

"ဘာ.."

သူမ ရှုးနေတာများလား.. တစ်ကိုယ်လုံးကို သေချာကြည့်တော့ ဖေဒါရောင်နုနု ကချင်ထဘီလေးနှင့် ပန်းနုရောင် ဘလောက်စ်အင်္ကျီ ရင်စေ့လေးကို ဝတ်ထားသည်။ ဆံပင်ကတော့ ခါးလောက်ထိ ရှည်လျက် ကျစ်ဆံမြီးနှစ်ဖက် ခွဲကျစ်ထားသဖြင့် ဘယ်လိုကြည့်ကြည့် ရွာသူပုံလေး ပေါက်နေသည်။

ထို့ပြင် တုတ်တုတ်တိုတို မျက်ခုံးတန်းလေးတွေက မည်းနက် သန်စွမ်းလွန်းကာ မျက်နှာလေး တစ်ခုလုံးမှာ မျက်ခုံးလေးတွေက အထင်ရှားဆုံး။ ပြီးတော့ ပါးကွက်ရှည်လေး နှစ်ဖက်က ပါးရိုးလေးတွေပေါ်မှာပဲ ကျန်ရစ်ကာ နားသယ်စပ် နေရာလေးတွေမှာ ခပ်ပါးပါး...၊

"ကိုမင်း.. .ဘာဖြစ်လို့ လူကို စိုက်ကြည့်နေကြတာလဲ၊ ရှင် ကျွန်မကို စိမ်းသွားပြီ.. တခြားလူတွေ ပြောနေကြတာ တကယ်ပဲဆိုတာ ခုမှယုံတော့တယ်၊ ရှင်က အသစ်တွေ့ပြီး ကျွန်မကို ထားခဲ့တာကိုး...

သေပြီ..

သူမ စကားတွေကို မှင်တက်မိသလို နားထောင်နေရင်း တဖြည်းဖြည်း နားနှစ်ဖက်က ဘေးကို ပြန့်ကားလာသလိုပင်။ သို့တည်းမဟုတ် သူ့ခေါင်းကြီးပဲ နှစ်ဆလောက် ကြီးသွားတာလား..။ ဒီမိန်းမ သူ့ကို တစ်ယောက်ယောက်နဲ့ မှားနေပြီမှန်း သိလိုက်တာနှင့် ကိုယ့်ဘယ်ဘဝ ရောက်တော့မည်ကို တွေးမိသွား၏။ ကိုယ့်ဘာသာတောင် ရှိရင်စားသည်။ မရှိရင် မစား။ နောက်ထပ် တစ်ယောက်အတွက် ဘယ်လိုတာဝန် ယူရမှာလဲ..။ ကံကြမ္မာကတော့ ရုပ်ရှင်ရိုက်နေပါပြီ။ သူ့အိတ်ကို အသာဆွဲယူပြီး ပခုံးမှာ ခပ်တည်တည်ချိတ်လိုက်သည်။ သို့သော် လူသည် အေးဆေး ဂိုက်ဖမ်း ထားရပြီး သူမကို အကဲခတ်၏။ ခုနထသွားရင် သူမ အတင်းဆွဲထားနိုင်လား..။ ဒီတိုင်း ထိုင်ကြည့် ကျန်ရစ်မှာလား...၊

"မင်းလူမှားနေပြီ.. ငါက ကိုမင်းဆိုတာ မဟုတ်ဘူး..."

သူမက လူကို စေ့စေ့ကြည့်ပြီး တိတ်ဆိတ်သွားသည်။ မျက်ဝန်းအိမ်မှာ မျက်ရည်တွေ တအိအိ ဝိုင်းတက်လာ၏။ ကြည့်နေရင်းနဲ့ပဲ မျက်ရည်စက်တွေ သနပ်ခါးပါးကွက်လေးပေါ် လျှောကျ ဖြတ်ဆင်းသွားကြပြီး..၊

"ဟုတ်တယ်.. ရှင် တကယ်အသစ်တွေ့နေပြီ၊ ဒါပေမဲ့ ကျွန်မက ရှင့်မိန်းမ

လေ.."

"ဟား.."

"ကျွန်မတို့မှာ ကလေးလည်း ရှိတယ်..."

"ဘာ... ဘာ.."

သူကြွခနဲ ဖြစ်သွားသည်။ လူသည်လည်း တာထွက်တော့မည့် အပြေးသမားကဲ့သို့ ပြင်ဆင်နေပြီဖြစ်ကာ..၊

ဒီမိန်းမကို အကပ်ခံလို့မဖြစ်ဘူး.. ဒီမိန်းမ ရှုးနေတာနဲ့လည်း မတူဘူး..။ မရှုးဘဲနဲ့ ပြောမယ့်ပုံလည်း မရှိဘူး.. သူ ဘာလုပ်ရမလဲ..

ပတ်ဝန်းကျင်မှာ လူသူ ကင်းရှင်းနေပေမယ့် သူလည်း မလိုလားသော်ငြား ယောကျ်ားဆိုသည့်စိတ်က မိန်းမတစ်ယောက်အပေါ် ပစ်ပစ်ခါခါ ပြောဆိုနှင်ထုတ်ပစ်ဖို့ ပါးစပ်က ဘယ်လိုမှမထွက်နိုင်။ ပြီးတော့ ကိုယ့်ကို ဓားနဲ့ခုတ်ဖို့ ပြေးလာတာလည်း မဟုတ်။ အကြင်နာကို တောင်းခံ၍ မျက်ရည်ကျနေရှာသည့် မိန်းမတစ်ယောက်အပေါ်...၊

"ဒီမှာ ငါက မြို့တော်.. ငါ့နာမည်က မြို့တော်၊ တော်လေးလို့ သူများတွေက ခေါ်တယ်.. 'မင်း'ဆိုတဲ့ နာမည်အလုံး ဘယ်မှာမှမပါဘူး၊ အိုခေနော်... အဲဒီတော့ မင်းလစ်လိုက်တော့.. အဲ သွားတော့လို့..."

"ဟင့်အင်း.. မသွားဘူး..."

ကြည့်စမ်း..

"ဒီတစ်ခါ ရှင့်ကို အပျောက်မခံနိုင်ဘူး.. အသစ်တွေ့နေတယ် ဆိုရင်လည်း အဲ့တစ်ယောက်ကို ပြ၊ မြင်ရမှာ ယုံမယ်.."

"ဟ.. ငါမဟုတ်ပါဘူးဆိုတာ မင်း.. ကျွတ်..."

စိတ်က သိပ်မရှည်ချင်တော့ပေ။ နေရာကနေ ဖုတ်ဖက်ခါပြီး ရပ်လိုက်

တော့ သူမကပါ ထရပ်သည်။ ပြီးတော့ လူနားပိုတိုး၏။ သူလန့်သွားပြီး နောက်ထပ် ဆုတ်မိသည်။ သူမက အံ့ဩလိုလို မကျေနပ်သလိုလို မျက်ခုံး လေးတစ်ချက် တွန့်သွားသည်။ ပြီးတော့ အရွဲ့တိုက်သလို လူနားထပ်တိုး ကာ အင်္ကျီစကိုပါ ဆုပ်ဆွဲထားလိုက်ပြီး...။

"ရှင်ညာနေတာ.. ကျွန်မက ကိုယ့်ယောက်ျားကို မသိရအောင် ရှူးနေတာ မဟုတ်ဘူး..."

"ရှူးနေတာမဟုတ်ရင် ရှူးချင်ယောင် ဆောင်နေတာပဲ..."

"မဟုတ်ဘူးလို့..."

"မဟုတ်ရင် လွှတ်..."

ပယ်ချတော့ မလွှတ်ဘဲ ကိုင်ထားသည်။ ခပ်ဆတ်ဆတ် ပုတ်ချလိုက်မှ လွတ်ထွက်သွားကာ..။

"ကိုမင်းနော် ရှင်..."

"ငါက တော်လေး.. ဟေ့ မင်း ငါ့နားမကပ်နဲ့နော်၊ မကပ်နဲ့.. ဟေ့..."

သူထပ်ဆုတ်ရင်း ညောင်ပင်မှာ ကျောကပ်မိသွား၏။ သူမသာ ရှေ့ထပ်တိုး လာလျှင် သူရှောင်စရာ မရှိတော့ပေ။ သို့သော် သူ့ကိုငေးကြည့်ပြီး မျက်ရည် တွေ လည်နေသဖြင့် စိတ်ထဲမှာ တစ်ခုခုကို တွေးမိသွားကာ..။

"ဟုတ်တယ်.. ငါက ကိုမင်းဆိုတဲ့ကောင်၊ အဲ့ကောင်ကိုယ်တိုင်က မင်းကို မလိုချင်တော့တာ မိန်းမဖြစ်ဖြစ် ကလေးရှိရှိ မသိဘူး.. ဘာမှလည်း မသိချင် ဘူး၊ မင်းကိုမှ မလိုချင်တော့တာ အဲဒီကလေးကို ဘာလုပ်ရမှာလဲ..."

သူမမျက်ဝန်းမှ မျက်ရည်အင်အားတို့က မြန်မြန်ဆန်ဆန် ပြည့်တက်၍ မြန်မြန်ဆန်ဆန် ပြိုဆင်းလာကြသည်။ ဒီပုံစံနှုန်းထားအရ သူ့စကားလုံး တွေ ထိရောက်သွားပြီကို သိလိုက်သည်။

"ငါ မင်းကိုမချစ်ဘူး.. ငါ့နောက်ကို လုံးဝ မလိုက်ခဲ့နဲ့..."

ပြောပြီး နေရာမှရွှေ့သည်။ တဖြည်းဖြည်း တိုးရင်း သူမအခြေအနေကို ကြည့်မိ၏။ တောင့်တောင့်လေး ရပ်နေလျက် တုတ်တုတ်မှ မလှုပ်တာမြင်လျှင် တော်လေး ဖျတ်ခနဲ လှည့်ထွက်ခဲ့သည်။ ထွက်ခဲ့တာက တခြားကိုလည်း မသွားဝံ့ဘဲ ပေနှစ်ဆယ် သုံးဆယ်နီးပါး ညောင်ခြေထောက် ပင်ကြီးမှာပဲ ပတ်ကွယ်နေမိ၏။ မတော်လို့ သူလျှောက်ထွက်သွားကာမှ သူမ စိတ်ပြောင်းပြီး ပြေးလိုက်လာရင် အခက်။ ထို့ပြင် လူရှေ့သူရှေ့ကျမှ ရှင့်မိန်းမပါ.. ရှင့်ကလေး ရှိသေးတယ်ဆိုတာတွေ ပြောချလိုက်ရင် သူ့ဘဝပြောင်းပြီ။ ညောင်ပင်ကိုပတ်နေရင်း သူမလက်က လွတ်အောင် ဘယ်လိုပြေးရမလဲ တွေးနေမိသည်။ ရွာဘက်ပြန်ရင်လည် သူမ မြင်မည်။ လမ်းအတိုင်း ပြေးရင်လည်း ပစ်ကွင်းလို ဟင်းလင်းပြင်ကြီး။ တစ်ဖက်မှာ လယ်ကွင်းတွေမို့ ပိုဆိုးသည်။ ဘာပဲဖြစ်ဖြစ် သူမ စိတ်မူမမှန်တာတော့ သေချာနေသည်မို့ မြင်ကွင်းထဲ ပြန်ဝင်လိုက်တာနှင့် စိတ်ပြောင်းပြီး ပြေးလိုက်မှာ သေချာနေသည်။

"ကိုမင်း..."

ဘုရား...

"ရှင် ပြန်လာခဲ့ပါ.. ကျွန်မ ရှင့်ကို ဘယ်လောက်ကြာကြာ စောင့်ရဦးမှာလဲ.."

သေလိုက်ပါလား..

မထူးတော့သည့် အခြေအနေမှာ ညောင်ပင်ပေါ် ဖက်တွယ်တက်ရတော့သည်။ ယောက်ျားပေမယ့် သစ်ပင်တက်လည်း မကျွမ်း။ ညောင်ပင်လို တက်ရလွယ်သည့် အပင်မျိုးကိုတောင် ခြေတစ်ထစ် ခိုလိုက်တိုင်း သုံးခါလောက် ချော်ထွက်၏။

"ကိုမင်းရေ..."

အောင်မယ်လေး .. တက်ပါဟ..

သူမအသံ ရွှေ့လျားမလာဖို့ ဆုတောင်းရင်း ဘယ်နွယ်ကိုခိုပြီး ဘယ်ဂူမှာ တွယ်ရမလဲ အပြေးအလွှား ရှာရသည်။ သူချွေးပြန်နေသလောက် သူမအသံလေးကလည်း ငိုသံပါလာကာ...၊

"ရှင့်ကို ကျွန်မ မမုန်းပါဘူး.. ကျွန်မဆီကို ပြန်ခဲ့ပါနော်..."

စကားသံက သူ့ဘက်ကို စတင်ရွေ့လျားနေပြီ။ သွားပြီ.. သူ ဒီထိ ရောက်နေပေမယ့် သူမ မော့ကြည့်လိုက်ရင် တန်းခနဲ...။ နောက်ထပ် အပေါ်ကို လှမ်းဆွဲပြီး တိုးတက်လိုက်လျှင်..၊

ဟင်.. ရှဥ့်..

တော်လေး မျက်လုံးပြူးသွားသည်။ သစ်ခေါင်းထဲက ရှဥ့်နဲ့သူ ဘယ်သူမျက်လုံး ပိုပြူးမလဲ..။ သစ်ခေါင်းဝမှာ သူ့မျက်နှာကြီး ကပ်နေသဖြင့် ရှဥ့်လည်း ထွက်မပြေးသာ။ သူလည်း ကွက်တိဆွဲထားရသည့်လက်က မျက်နှာကို နောက်ထပ် ပို့စရာနေရာမရှိ။ ဘယ်မှာလဲ.. ရှဥ့်လည်းလျှောက်သာ ပျားလည်းစွဲသာ..

"ကိုမင်း..."

သူမအသံက သူရှိသည့်အောက်နဲ့ နီးကပ်လာသည်။ ရှဥ့်နဲ့ အကြည့်ချင်းပြိုင်နေရင်း မျက်လုံးစုံမှိတ်လိုက်မိသည်။ အောက်ကရန်က တစ်မျိုး။ ရှေ့ကရန်က တစ်မျိုး။ နှစ်မျိုးစလုံးက သူ့အတွက် အန္တရာယ်ကြီးနေခဲ့လျက်..

"ဟေး.. အတွယ်တာ.."

"ဟိုမှာဟ.. ငါတို့အတွယ်တာ.."

"သမီးရယ်.. ဘာဖြစ်လို့ ဒီအောက်ကိုပဲ လာလာနေရတာလဲ..."

ရွာဘက်ကနေ ခြေလျင်ပြေးလာကြသည့် လူအုပ်စုကြီးက နည်းတာ မဟုတ်။ သူရှာဖွေနေတုန်းက လူရိပ်မမြင်ခဲ့ရဘဲ ရွာဆိုတာကလည်း ဒီနေရာနဲ့ နီးနီးလေးမဟုတ်။ မထင်မှတ်ဘဲ ဆယ်ယောက်လောက် လူအုပ်ကြီး ပြေးလာကြတာ မြင်တော့ အံ့လည်းအံ့သြ။ အသက်ရှူလည်းချောင်။ ဒါတောင် သူမက လိုက်ချင်ပုံမရှိ..။

"ဒီမှာ ကိုမင်းရှိတယ်..."

"မရှိပါဘူး အတွယ်တာရယ်..."

"ရှိတယ်.. ကျွန်မ သူနဲ့စကားပြောနေတာ၊ အဒေါ်တို့ကိုမြင်လို့ သူထွက်သွားတာ.."

"အေးပါ.. ကဲ နောက်နေ့ကျ ထပ်လာလို့ရတာပဲ.."

ဒေါ်ဂွက်ထော်က ပြောလိုက်တော့ ဘေးကနေ ညီမဖြစ်သူက တံတောင်နဲ့တွတ်သည်။ ဒေါ်ဂွက်ထော်က ပြန်တွတ်၍ မျက်စောင်းထိုးကာ..။

"ဒီနေ့က မသိလိုက်လို့ပါအေ.. နောက်တစ်ခါ စောင့်ကြည့်ရမှာပေါ့.."

"ကျွန်မတို့တော့ ဆူခံရတော့မယ်.. အတွယ်တာ ဒီထိရောက်လာတာကြီးကို ဘယ်လိုမှ ခွင့်လွှတ်မှာမဟုတ်ဘူး.."

သူမတို့တွေ ပူပန်နေရသလို ယောကျ်ားသားတွေကလည်း မျက်နှာရှုံ့တွတွများနှင့်...။

"ဒီနေရာက လူက ပြတ်ပါဘိသနဲ့.. မသူတော်တွေနဲ့များတွေ့ရင် အတွယ်တာရယ်၊ ဒါကြောင့် ကိုကြီးညိုတို့က အလွတ်မပေးတမ်း ကြည့်နေကြတာ..."

"ဟုတ်ပ ဦးလေးလှရာ.. အတွယ်တာ့ရောဂါလည်း မြန်မြန်ပျောက်မှ ရွာကို ဒုက္ခပေးနေတဲ့ သရဲလည်း..."

"ဟိတ်ကောင်ရ.."

"ဟမ်.."

ခေါင်းကို ဖက်ခနဲပုတ်ပြီး တားဆီးလိုက်တော့ လူငယ်အသံ တိတ်သွားသည်။ သို့သော် တီးတိုးလေသံမျှဖြင့်...၊

"ခုတောင် အစ်ကိုမင်းကို တွေ့တယ်ပြောနေတာ.. သရဲက ဒီထိရောက်..."

"ဖိုးကြိုင်ရေ..."

"ဟုတ်ပါပြီဗျာ..."

******

# အခန်း (၂)

"အခု ဘယ်ကတွေ့လာတာလဲ..."

"ညောင်အဝိုင်းကြီးအောက်က.."

"ကြည့်စမ်း.. သွားရဲလိုက်တာ.."

ဦးကျီးညို ဆေးတံကြီးကိုင်ကာ ဘုရားခန်းရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိသည်။ ဒီမှာ ခမည်းခမက်အိမ်က အလှူကိစ္စအတွက် လုံးပမ်းနေလို့ ခဏလေး သတိလွတ်သွားလိုက်တာ နည်းတဲ့အကွာအဝေးလား.. ရွာထဲကနေ ရွာပြင်ရောက်ဖို့ပဲ မနည်းသွားရသေးသည်။ ရွာပြင်ထွက်ပြီး ညောင်ဝိုင်းလမ်းမပေါ် ရောက်ဖို့ဆို တော်တော်ကြီး ဝေးသေးတာကို...

"ဒီကောင်မလေး နေမြင့်လေ အရူးရင့်လေ ဖြစ်တော့မှာပဲ..."

"အဲဒါကြောင့် နောက်ထပ်တစ်ယောက် အမြန်ရှာပြီး ပေးစားလိုက်ပါလို့ အစ်ကိုကြီးကို ပြောတာပေ့ါ.. စိတ်ဖောက်လာပြီဆိုရင် လူသတ်ရမှာလည်း ဝန်မလေးဘူး။ သူ့ကို သတ်သွားမှာလည်း မကြောက်ဘူး.. အမှောင်မှန်းမသိ အလင်းမှန်းမသိ.."

"ငါက မပေးစားလို့လား မိသူဇာရယ်.. အခု တစ်လအတွင်းမှာပဲ နှစ်ယောက်ရှိပြီ၊ နှစ်ယောက်စလုံး ဘာတွေဖြစ်ကုန်ကြသလဲ..."

ဒေါ်သူဇာ ဘီးကိုစိုက်ပြီး ဆံပင်နဲ့ရစ်ပတ်ခွေကာ ဘီးဆံပတ် ပတ်နေရင်း...၊

"မဖြစ်ဘူး.. အတွယ်တာ့အတွက် လက်လျှော့လို့မဖြစ်ဘူး၊ လူက ရှုးနေပေမယ့် ရုပ်က လှပြီးသား.. ငြိမ်ငြိမ်သက်သက် ဖြစ်သွားတဲ့အထိ ပေါင်းသင်းသွားမယ်ဆိုရင်..."

"ပေါင်းနေရရင်တော့ ဇနီးချောလေးဆိုပြီး ကြင်နာပေမပေ့ါ.. နင့်တူမက စိတ်မထင်ရင် ဓားနဲ့ ထခုတ်တာလေ.."

"အဲဒါက..."

"တော်တော့.. တော်တော့..."

မောင်နှမနှစ်ယောက် ဒီကိစ္စပြောတိုင်း ဘယ်တော့မှ အတိုင်အဖောက်ညီညီ ပြီးဆုံးသွားတယ်လို့ မရှိ။ နှစ်ယောက်စလုံး လူပျို အပျိုကြီးတွေဖြစ်ကာ အငယ်ဆုံးမောင်က မွေးခဲ့သည့် တူမလေးကိုပဲ ချစ်နေခဲ့ကြတာ ဖြစ်သည်။ ဒီရွာမှာ လူချမ်းသာနှစ်ဦးပဲ ရှိသည်။ နှစ်ဦးစလုံးက မြို့မျက်နှာဖုံးလို့ ပြောရလောက်အောင် ဟိတ်ဟန်ကြီးကြ၏။ ထို့ကြောင့် နှစ်ဖက်စလုံးက တစ်ဦးတည်းသော သားနဲ့သမီးတွေချင်း ငယ်ငယ်တည်းက စေ့စပ်ပေးထားခဲ့ကြသည်။ အရွယ်တွေရောက်လာတော့ လက်ထပ်ပေးသည်။ လူငယ်ချင်းကလည်း ချစ်ခင်ရင်းနှီးပြီးသားမို့ ဘာမှ လိုလေသေးမရှိသော အိမ်ထောင်ရေးဖြစ်ခဲ့၏။ သို့သော် ကံတရားသည် အကောင်းဆုံးတွေချည်း အမြဲတမ်း ပေးတတ်သည်မဟုတ်။ ခင်ပွန်းဖြစ်သည့် သူရိန်မင်းက တောထဲဝင်သည့် ဝါးခုတ်သည့်အဖွဲ့နှင့် လိုက်သွားစဉ် ပိုးထိလို့ ဆုံးသွားခဲ့သည်။ ထို့ပြင် ကိုယ်ဝန်ဆောင်စဉ်တည်းက နေမကောင်းဖြစ်နေခဲ့သည့် အတွယ်တာ့ စိတ်အခြေအနေကလည်း အားနည်း ယိုင်နဲ့နေခဲ့သဖြင့်...၊

"သူ့ကို ယောက်ျားတွေ ပေးစားနေရတာနဲ့ပဲ အတွယ်တာ လင်တရှုးနေပြီလို့ လူတွေ ပြောနေကြပြီ..."

"အောင်မယ်လေး အစ်ကိုကြီးရယ်.. လင်တရှုးတဲ့မိန်းမက ယောက်ျား

အနားကပ်တာနဲ့ ဓားနဲ့ ခုတ်လွှတ်ပေ့ါမလား..."

"အထင်ရောက်စေတာကို ပြောတာလေ.. နေရာတကာ ပိုက်ဆံရှိတိုင်း ပြီး သွားတာ မဟုတ်ဘူး..."

မပြီးစေချင်တာက အစ်ကို မဟုတ်ဘူးလားလို့ မေးလိုက်ချင်သည်။ ကိုယ့်မှာ ဒီတူမလေး တစ်ယောက်ပဲရှိသည်။ လူထက် ဘာအပိုအရေးကြီးလို့လဲ.. ငွေကုန်ကြေးကျ တစ်ခုခုပေါ်လာပြီဆို အစ်ကိုကြီး အမြဲတမ်း လက်တွန့်သည်။ စစ်ဆေးမေးမြန်းတာ စုတ်သပ်ညည်းတွားတာတွေဆိုတာ နားမခံနိုင်။ ကိုယ့်ကလေးက လူရာမဝင်တော့သည့် ရောဂါဝေဒနာသည် ဖြစ်နေပြီ။ စောင့်ရှောက်မယ့် အခြွေအရံ ငှားဖို့ဆိုတာလည်း ငွေတတ်နိုင်ရင်တောင် လင်နဲ့မယားလို နွေ့နွေ့ညည အမြဲအတူ ရှိနေပေးမှာလား ကိုယ့်အတွက်ရော တာဝန်မပေ့ါဘူးလား..။ ခုတော့ အလုပ်လည်း ထွက်မလုပ်နိုင်တာ ကြာပြီ..။ ဖြစ်ပျက်နေသည့် အခြေအနေတွေကလည်း ဆိုးသထက် ဆိုးလာနေလျက်..၊

"ကြီးကြီးရှင့်.."

စကားပြောနေတုန်း အောက်ထပ်က အလုပ်သမား မိန်းကလေးနှစ်ယောက် လှမ်းခေါ်သံ ကြားလိုက်ရသဖြင့် စိတ်တိုသွားမိသည်။ ပြတင်းပေါက်ဆီ ခပ်ဆောင့်ဆောင့်လာ၍ အောက်ကနေ မော့နေကြသည့်သည့် သူမတို့ကို ငုံ့ကြည့်ကာ...၊

"ဘာလဲ.. ညနေမစောင်းသေးဘူး ပြန်မယ်၊ ဒါပဲပြောမလို့မို့လား.."

"နေစောင်းနေပါပြီ ကြီးကြီးရဲ့.. တော်ကြာဆို ခွေးတွေအူတော့မှာ.."

သူရိန်မင်း သေသွားပြီးကာမှ ဒီအိမ်က အလုပ်သမားတွေ ဘယ်တော့မှ ပြန်ချိန်နောက်မကျ။ အတွယ်တာ့ဘေးမှာလည်း ဘယ်သူမှ မရှိကြတော့ဘဲ ထိုအချိန်တွေမှာ ကိုယ်ပဲ အလုပ်သမား ကိုယ်ပဲ အုပ်ထိန်းသူ။ အတွယ်တာ

သည် ကိုမင်းလို့သာ တတွတ်တွတ် ခေါ်နေတတ်ခဲ့ပြီး...၊

"ရွာထိပ်က ဒေါ်ကြီးမဲကို ဝင်ပြောသွား.. ဒီနေ့ စောစောလာပေးပါလို့.."

"ဟုတ်ကဲ့ပါ..."

နာမည်က ဒေါ်မဲကြီးဖြစ်ပေမယ့် လူငယ်တွေကတော့ ဒေါ်ကြီးမဲလို့ပဲ ခေါ်ကြသည်။ ပြန်ခွင့်ရကြတာနှင့် မိန်းကလေးတွေ တစ်ချိုးတည်း လစ်ကုန်သည်။ ဒေါ်မဲကြီးဆိုတာ ရွာထိပ်မှာ ခြံထွက်သီးနှံလေးတွေ ရောင်းတာဖြစ်လျက် ညပိုင်းမှာ အတွယ်တာ့ကို လာစောင့်အိပ်ပေးသော အသက်ခုနစ်ဆယ်အရွယ် မျက်လုံးသိပ်မကောင်းသည့် အဘွားအိုတစ်ဦး ဖြစ်သည်။ အတွယ်တာ ကလည်း ဒေါ်မဲကြီးကိုတော့ ခင်သည်။ အတူအိပ် အတူစားတဲ့ အထိ အနားကပ်ခံခဲ့သည်။ စိတ်မဖောက်သေးသည့် အချိန်ဆို ကိုယ်ပြောတာထက် ဒေါ်မဲကြီးပြောတဲ့စကားဆို အောင်တာမို့..၊

"အဘွားမဲရေ..."

"အဘွားမဲ.. ဆိုင်သိမ်းနေတာလား.."

ဒေါ်မဲကြီး အိမ်ရှေ့ထွက်လာတော့ ဦးကျီးညိုတို့ အိမ်က မိန်းကလေးနှစ်ယောက်ကို မြင်လျှင် ကိုင်လာသည့် ဇကာကို တန်းလျားလက်တန်းနဲ့ တဒေါက်ဒေါက် ခေါက်လိုက်ပြီးမှ..၊

"ငါ့ကို ခေါ်ခိုင်းလိုက်တာလား.. စောပါသေးတယ်.."

"မစောတော့ပါဘူး အဘွားမဲရယ်.. တောရိပ်တောင်ရိပ်နဲ့ မိုးချုပ်က မြန်မှမြန်..."

"အေး.. မတတ်နိုင်တော့ဘူး.. ကျုပ်လည်း ဒီနေ့ နည်းနည်းတော့ နောက်ကျမှာ..."

"ဟင်.. ဘာဖြစ်လို့လဲ၊ ဆိုင်သိမ်း နောက်ကျလို့လား.. အဘွားမဲ ဆိုင်သိမ်း

ရတာ တစ်ယောက်တည်း ဒုက္ခများမှန်း သမီးတို့သိပါတယ်၊ ဟဲ့.. လာ ငါတို့ ဝိုင်းသိမ်းပေးရအောင်.."

"ဟုတ်တယ်.. သမီးတို့ ဝိုင်းသိမ်းပေးမယ်"

ဒေါ်မဲကြီးက ဆိုင်ခင်းရင်လည်း ကြာသည်။ ဆိုင်သိမ်းတော့လည်း မမြန်နိုင်။ မကုန်သေး ပေမယ့် လတ်ဆတ်နေဆဲ အသီးအရွယ်တွေကို ဖက်တွေနဲ့ ထုပ်တန်တာထတ်၊ ပုဆိုးစုတ်ရေစိုနဲ့ လိပ်ပတ်ပြီး သိမ်းတန်တာသိမ်း။ တချို့ကို ရေလောင်းထားရ တာတွေလည်း ရှိကာ တစ်ယောက်တည်း တလှုပ်လှုပ် လုပ်နေရရှာသည်။ မိန်းကလေးတွေ ဝိုင်းကူလိုက်တော့ မြန်မြန် ပြီးသွားသဖြင့် ကွပ်ပျစ်အစွန်းမှာ တင်ပါးလွှဲ ထိုင်လိုက်ပြီး ပြုံးနေမိကာ…

"အင်း.. ဝိုင်းကူတာတော့ ကျေးဇူးတင်တယ်၊ ဒီညနေ ငါ့မြေး ဟိုဘက်ရွာကို စပါးကြွေး သွားပေးတယ်.. သူပြန်လာမှ ကျုပ်က ထွက်လို့ရမှာ.."

"ဟင်.. အောင်သိုက်ကို စောင့်ရဦးမယ်.."

******

# အခန်း (၃)

တောကတော့ ဒီတောပါပဲ.. ဒါပေမဲ့ သူရိန်မင်း သေခဲ့တဲ့တောလို့ သတ်မှတ်လို့မရ။ တောက ကြီးသည်။ ရိုးမဘက်ကို ဆက်နွယ်သွားတာမို့ တစ်တောတစ်တောင် ဆိုတာလည်း မရှိ။ သူတို့ဒေသဟာ ပဲခူးအပိုင်ထဲမှာ မဟုတ်သလို လိုတောင် ပြောနေကြသည့် ရှေ့စကားတွေအရ တောနဲ့နီး သော ဒေသတစ်ခု။ လမ်းက ကားနှစ်စီးလောက် ရှောင်သွားလို့ရသည်။ ဒါပေမဲ့ ဓားနဲ့ဖြစ်သလို ခုတ်ထွင် ရှင်းလင်းထားသည့် အပိုင်းတွေကျတော့ ချုံငုတ်တွေကပဲ ဒူးလောက် တန်းလောက်တွေ ရှည်ငေါ်နေတတ်သဖြင့် လမ်းက နွားလှည်းသွားရင်တောင် တစ်ခါတစ်လေ အခက်တွေ့တတ်သည့် အနေအထားမျိုး...၊

အောင်သိုက်ခြေလှမ်းတွေ မြန်နေသည်။ ညနေစောင်းလာလေ နောက် ကျန်နေခဲ့သည့် ခြေထောက်တွေအတွက် ရတက်မအေးလေ။ သစ်ရွက်လှုပ် တာလည်း နားထဲမှာ ပုံးကွဲသလို။ သစ်ကိုင်းခြောက်ကြွေတာလည်း ဘုရား တမိလိုမိ။ သူရိန်မင်းတို့ ဘယ်တောစပ်က ဝင်သွားပြီး တောရဲ့ ဘယ်နေရာ လောက်မှာ သေသွားမှန်းမသိ။ မှန်းသမ်းပြီး ကြောက်နေရတာမို့ တစ်တော လုံးကို ကြောက်နေရသည့်အဖြစ်ကို မခံစားနိုင်...။

ဒီတောလမ်း ဒီတောတန်းတွေက ငယ်စဉ်တည်းက ကိုယ်ပြေးလွှား သွားလာခဲ့ဖူးသည်။ တောထဲမှာ ပိုးထိပြီးသေကြတာ ငှက်ဖျားမိလို့ သေတာ တွေလည်း မကြားဘူး မကြုံဘူးတာမဟုတ်။ ဒါပေမဲ့ ဘယ်သူသေလို့မှ သူရိ

န်မင်းလောက် မခြောက်ခဲ့ဘူးပေ။ ဘယ်သူမှ အိပ်မရ နေမရအောင် ခြောက်တာ။ ရိပ်ဖမ်းသံဖမ်း မဟုတ်ဘဲ ပြူးတူးပြဲတဲ ခြောက်ပြတာ.. အဲဒါ သူရိန်မင်း.. ဘုရားသိကြားမလို့ အိမ်ကို ချောချောမောမော ပြန်ရောက်ပါစေဘုရား..

ရင်ခုန်နေတာကို ကိုယ့်ကို အကဲခတ်နေနိုင်သည့် တစ်ယောက်ယောက် မသိအောင် အံကြိတ်ရင်ကော့ပြီး ဖုံးကွယ်ထားမိသည်။ ပြေးချင်နေတာကို ပြေးချင်နေမှန်းမသိအောင် အစတည်းက ခြေလှမ်းကျဲတတ်သည့်သူလိုလို..

"ဟင်း..."

သစ်ရွက်လှုပ်သံတွေနှင့် သက်ပြင်းချသံကြီးကို သေချာကြားလိုက်ရ၏။

မဟုတ်ဘူး.. ငါကြောက်နေလို့ နားကြားမှားတာပါ၊ ငါ့စိတ်က ထင်နေတာ...၊

"ဟက်.. ဟက်.. ဟက်.."

ဒါ ရယ်နေတာ..

ခေါင်းထဲမှာ အပူလုံးကြီး ဟက်တက်ကွဲသွားသလို ဖိန်းခနဲ ဖျန်းခနဲ ကြက်သီးတွေ ဖြန်းဖြန်းထသွားသည်။ ပြီးတော့ ခြေသံတွေ ကြားလာရ၏။

"ခို ခို .. ခို..."

"ဖလပ် ဖလပ် ဖလပ်.."

မရတော့ဘူး..

ကိုယ်ကိုယ်ကိုယ် ဆစ်ဂ်နယ်ပြလိုက်ပြီး အောင်သိုက်လွယ်အိတ်ကို ပခုံးကနေဖြုတ်၍ ပိုက်လိုက်ကာ..၊

"ဟာ.. ဟော့ကောင် အောင်သိုက်.."

"အောင်သိုက်.. ငါတို့ပါဟ.."

"အောင်သိုက်.. နေပါဦး.."

ဟင်..

သူ့ခြေလှမ်းတွေ နှေးကျသွားသည်။ နောက်က စကားသံတွေက ကိုယ့်သူငယ်ချင်း အသံတွေမှန်း သိလိုက်ပေမယ့် ရုတ်တရက် လှည့်မကြည့်ရဲ...၊

"မောလိုက်တာ ခွေးကောင်..."

ဒါက ဝေဖြိုးအသံ။ သူတို့တွေမှန်း သိလိုက်တာနှင့် ဝမ်းသာခြင်းက ဆိုဖွယ်ရာမရှိ။ နောက်ကို ချက်ချင်း လှည့်ကြည့်မိကာ...

"အဲဒါ ခေါ်လိုက်ပါလား.. လူကိုမခေါ်ဘဲနဲ့ နောက်က ကပ်လိုက်လာပြီးတော့..."

"မင်းသေအောင် ကြောက်နေမယ် မထင်လို့ပေါ့ကွ.. သရဲခြောက်တယ်ပဲ ထင်လွန်းတယ်၊ လူသုံးယောက် ခြေသံတွေကို..."

"သရဲသုံးကောင်လို့ ထင်နေတာဖြစ်မှာပေါ့..."

"ပိုးကောင်..."

သရဲဆိုသည့် စကားကြောင့် အောင်သိုက် မျက်လုံးပြူးကာ..၊

"တောလမ်းတောင်လမ်းဆိုတာ အပြောအဆို ဆင်ခြင်ရတယ်ဟ.. ပါးစပ်က မပြောလိုက်ချင်ဘူး..."

အောင်သိုက် ဟိုကြည့်ဒီကြည့် ဖြစ်နေတာကို အကြောင်းပြုပြီး သူတို့အတွက် စနောက် ရယ်မောစရာ ဖြစ်နေကြကာ လေးယောက်ပေါင်း အတူလျှောက်နေကြရင်း...၊

"မိုးတောင် မချုပ်သေးဘူးကွာ.. ကြောက်မနေစမ်းပါနဲ့၊ ငါတို့က လေးယောက်တောင်..."

တစ်ရွာလုံး နေဝင်မီးငြိမ်း ဖြစ်နေကြတာကို လေးယောက်တောင်လို့ ပြော

နေသဖြင့် စိတ်တိုသွားမိသည်။ ငရဲကြီးကြီး ငအုံကြီးကြီး အပြင်ကို ခိုင်းရက်သည့် အဘွားကိုလည်း မကျေနပ်ပေ။ ဒီအချိန် ဒီလမ်းသွားရင် အိမ်ပြန်ချိန် ဘယ်အချိန်ဆိုတာ သိသိကြီးနဲ့..၊

"ယောက်ျားခြေထောက်ပဲ အောင်သိုက်ရယ်.. နေမဝင်ခင် ပြန်ရောက်ပါတယ်၊ 'ကြွေးယူပြုံးပြုံး တောင်းတော့မုန်း' ဆိုတာမျိုး ငါအဖြစ်မခံဘူး.. ရစရာရှိလို့ သွားတာထက် ပေးစရာရှိတာကို ဖြစ်အောင် သွားပေးလိုက်တာ ကိုယ့်ရဲ့သမာဓိပဲ.." တဲ့...၊

အိမ်ထဲကနေပြောတော့ ချောလို့။ တကယ်သွားရတာက ကိုယ်။ ဟိုရောက်တော့ ပေးပြီး တန်းပြန်ရတာလည်း မဟုတ်။ ဆွေမျိုးမကင်းတွေဆိုတော့ ဟိုဟာလုပ်ပေးခဲ့ပါ။ ဒါလေး ကူစမ်းပါဦး ဆိုတာတွေ။ ကြွေးပေးပြီး လုပ်အားပေးနေရတာ ကိုယ်တစ်ယောက်တည်းလား..၊

"မင်းတစ်ယောက်တည်း ပြန်လာတာလား အောင်သိုက်.. မင်းညီတွေထဲက တစ်ယောက်ယောက်တော့ အဖော်ခေါ်မလာဘူး.."

ဒါကျတော့ စာနာပေးဖော်ရသား..

"အဲဒီကောင်တွေက င့ါအဘွားနဲ့ တည့်တာမဟုတ်ဘူး.. ပြီးတော့ အဘွားအကြောင်း သိသားနဲ့.."

စကားနည်းပေမယ့် ပြောစရာတွေ့လျှင် ပြောပြီးမှ အားနာတတ်သူ။ အထူးသဖြင့် တစ်ယောက်တည်း အေးဆေးနေချင်တတ်တာ ကိုယ့်မြေးကိုယ်တောင် နှစ်ယောက်အတူ ရှိနေချိန်ဆို သီချင်းမဆိုရ အပေါင်းအသင်းခေါ်မလာရ...၊

"စကားမများကြနဲ့ကွာ.. ရွာတောင် မမြင်ရသေးဘူး၊ မြန်မြန် လျှောက်ကြစမ်းပါ.. မိုးချုပ်တော့မှာ.."

"ငါတို့ရော ဘယ်က ပြန်လာကြတာလဲ မမေးတော့ဘူးလား..."

"ငါ့ကို ခြောက်ဖို့ တောစပ်ထဲ ဝင်ပုန်းနေကြတာ အသိသာကြီး..."

"မင်းကို ခြောက်ရဖို့အတွက်နဲ့ ဒီထိ လာပုန်းနေစရာလားဟ.."

"အေးလေ.. ငါတို့ကတော့ သူရသတ္တိတွေနဲ့ ပြည့်စုံနေလို့လား.."

ပြောပြီး ဟိုဒီကြည့်လိုက်သေးသည်။ ထို့ကြောင့် မျက်စိသည် နဂိုတုန်းက မလျင်ခဲ့ပေမယ့် မမြင်အပ်သည့် တစ်ခုခုဆီကျတော့ တန်းခနဲ...၊

"ဟို.. ဟိုမှာ သ.. သရဲ.."

"ဟင်.. ဘယ်မှာ ဟာ.."

ညိုမှောင်နေသည့် တောစပ်အတွင်း မကျတကျ သစ်ပင်ကြီးတွေကြားမှာ လူသေအလောင်းတစ်လောင်းက လေပေါ်မှာ ပက်လက်စန့်စန့်ကြီး...၊

"ဟာ.. ဟုတ်တယ်၊ လေထဲမှာ.."

"ပြေး..."

"နေဦး..."

"ဗြီး..."

ပြေးဆိုသည့် နှိုးဆော်သံကြားသည်နှင့် လှည့်မကြည့်စတမ်း ပြေးလျှင် တစ်ယောက်က အတင်းပြန်ဆွဲလိုက်တော့ အရှိန်ကြောင့် အင်္ကျီတွေပါ ပြဲ ကုန်ကြကာ...၊

"ဘာလုပ်တာလဲ ဟေ့ကောင်.. မင်းနော်.."

"နေပါဦးဟ.. ဟိုမှာ သေချာကြည့် ထလာပြီ..."

"အောင်မယ်လေး.."

"ဗြီး.."

ခပ်စုတ်စုတ်အင်္ကျီစသာ လက်ထဲမှာ ပြကျန်ရစ်ကာ ပြေးသည့်နှစ်ယောက်က တစ်ချက်မှ လှည့်မကြည့်တော့ပေ..၊

"ဒုက္ခပါပဲ.. ဒီကောင်တွေတော့.."

ပိုးကောင် ခေါင်းကုတ်ညည်းညူရင်း ပြေးသွားပြီးမှ ပြန်လှည့်လာသည့် ဝေဖြိုးတစ်ယောက်သာ သူ့ဘေးပြန်ရောက်လာကာ..၊

"မင်းက ဘယ်လိုသတ္တိတွေနဲ့ အဲဒီကိုပဲ ကြည့်နေတာလဲ..."

"ဟိုမှာလေ.. သူရဲမဟုတ်ပါဘူးကွ၊ လူအိပ်နေတာပါ.. သစ်ကိုင်းပေါ်မှာ.."

"ဟင်...."

သေချာပြောလိုက်မှ မရဲတရဲ လှည့်ကြည့်မိသည်။ ခရီးဆောင်အိတ်ငယ်တစ်လုံးကိုဆွဲ၍ သူတို့ရှိရာကို လျှောက်လာနေသည့် လူရွယ်တစ်ယောက်။ နောက်ကို လှမ်းကြည့်တော့ သူအိပ်နေတာ သစ်ပင်၏ အောက်ကိုင်းဂွကြားမှာဖြစ်ကာ ကြောက်သည့်စိတ်နှင့် သေချာမကြည့်တော့ လေထဲမှာ စန့်စန့်ကြီးလိုလို။ ဒါတောင် ထိုသူ အပြင်ထွက်လာတော့ ဝေဖြိုး နောက်ကိုမသိမသာ ဆုတ်နေမိလျက်...၊

"မင်း.. မင်းက ဘာမို့လို့ ဒီလောက် တောကြီးထဲမှာ.."

လူတကာ ဖြတ်တောင် မလျှောက်ဝံ့သည့် ညနေစောင်းကြီးမှာ သင်းက..၊

"ကျွန်တော့်ကိုလား.."

သူကလည်း သူတို့နှစ်ယောက်ကိုကြည့်ပြီး ဟိုရှာဒီရှာ..၊

"ကျွန်တော်က ခရီးသွားပါ.. ဒါနဲ့ ခုနက ခင်ဗျားတို့လူတွေ များပါတယ်"

"ဟုတ်တယ်လေ.. မင်းကို သရဲထင်ပြီး ပြေးကုန်ကြတာ.."

"ဟိုကောင်.. အဲ့ကောင် ဒုက္ခပေးနေတာ၊ ငါတို့ ဒီနားက ရွာတွေ..."

"ဝေဖြိုး. မင်းကလည်း ကြောက်တယ်ဆိုပြီး သူ့မကောင်းကြောင်း ပြောနေရလား..."

"ဟမ်.. ငါနာမည် ထည့်မပြောပါဘူး.."

ဝေဖြိုး လန့်ဖျပ်ကာ ပိုးကောင်နား ပြေးကပ်သည်။ မကောင်းဆိုးဝါးကို နာမည်ခေါ်ပြီး မဆဲရဘူး အတင်းမပြောရဘူးလို့ လူကြီးတွေပြောတာ သေချာမှတ်ထားကြသည်။ သူတို့က ကြားလျှင် ဒေါသကြီးသည်တဲ့...။

"ဘာဖြစ်လို့လဲ.. ဒီနားက သရဲခြောက်လို့လား.."

"ဩော်.. ဒါနဲ့ပဲ ပြောမိဆိုမိတော့မယ်၊ လာပါကွာ.. တောလွတ်ရာ မြန်မြန်သွားရအောင်ပါ၊ မင်းသိချင် လိုက်ခဲ့..."

"နေပါဦး.. သူက ဘယ်ရွာသွားမလို့လဲမှ မသိတာကို..."

တစ်ယောက်က ဆွဲခေါ်ပြီး တစ်ယောက်က တားနေသဖြင့် တော်လေး မျက်နှာခပ်မဲ့မဲ့ ဖြစ်သွားကာ..။

"လောလောဆယ် ဘယ်သွားရမှန်းမသိလို့ သစ်ပင်ပေါ် တက်အိပ်နေတာ.."

မထင်ရဘူးဆိုသည့် အကြည့်နှင့် ခြေဆုံးခေါင်းဆုံး ကြည့်မိသည်။ မြို့သားမှန်းလည်း သိသာကာ ဗီဒီယိုဇာတ်လမ်းတွေထဲမှာ မြင်ရသည့် မင်းသားတွေလို သူတို့မျက်လုံးထဲမှာတော့ အတော်ကြည့်ကောင်းနေ၏။ ထို့ပြင် ဘဝ မြင့်တတ်ပုံလည်း မရှိဘဲ ပြုံးနေသည့် ပါးတစ်ဖက်မှာ ပါးချိုင့်တစ်ဖက်နဲ့ ဒါမှမဟုတ် ပါးချိုင့်ပေါ်အောင် နှုတ်ခမ်းတစ်ဖက်မဲ့ပြီးမှ ပြုံးတာ တမင်တကာလား..။ တောစပ်က လွတ်တော့ မှောင်ရီပျိုးစ ဖြစ်နေပြီဖြစ်ကာ..။

"ပြောပါဦး.. မင်းက ဘယ်သွားမလို့လဲ..."

"သူငယ်ချင်းဆီ လာတာ..."

"အဲဒါ ဘာလို့ ဘယ်သွားရမှန်း မသိဘူးပြောနေတာလဲ"

"သူရိန်မင်းလေ.."

"ဟိတ်ကောင်.. ဟိတ်ကောင်..."

ဝေဖြိုး မျက်လုံးကြီးပြူးကာ တော်လေးနားကို ခုန်အုပ်သလို ရောက်လာကာ ပါးစပ်ကို လက်နဲ့ ဖိကပ်ပိတ်ပစ်၏။

မရတော့ဘူး.. လုံးဝမဖြစ်တော့ဘူး ဒီကောင်..

"မြန်မြန်လျှောက် ဆရာသမား.. မင်းကို အိမ်ခေါ်သွားမယ်.."

ဆုံးဖြတ်ချက်က လုံးဝအပီအပြင်..

******

# အခန်း (၄)

"ဝု.. ဂူး.."

ချွေးအူသံတွေက ရင်ထဲထိထွင်းဖောက် ဝင်ရောက်သွားသလို စူးစူးရှရှ ဆွဲဆွဲငင်ငင်ကြီး။ တစ်ကောင်တည်း မကသော အူသံတွေက 'ဟဲ့' လို့ ထွက်ခြောက်ဖို့လည်း မဖြစ်နိုင်။ ဘယ်သူမှလည်း အိမ်ပြင်ထွက်ကြမှာ မဟုတ်ပေ။ အထူးသဖြင့် သူဌေး ဦးကျီးညိုတို့ အိမ်မည်းကြီးဘက်မှာ အိမ်တိုင်း မီးတွေ ဖွင့်ထားကြကာ တိတ်ဆိတ်ခြင်းသည် အပ်ကျသံ ကြားရလောက်သည့် အထိ ဖြစ်နေခဲ့ပြီး..။

"အိပ်နေပြီလား အတွယ်တာ.."

ဒေါ်မဲကြီး အတွယ်တာ အိပ်ခန်းရှေ့သွားပြီး တံခါး အသာတွန်း ကြည့်သည်။ အတွယ်တာက ဆံပင်တွေ ဖားလျားဖြန့်ချထားကာ အိပ်ရာထဲမှပေမယ့် ငုတ်တုတ်ထိုင်နေခဲ့ပြီး..

"ကျွန်မဘာသာ အိပ်အိပ်မအိပ်အိပ် ဘာလို့ လိုက်မေးနေတာလဲ.."

ချွေးတွေ အူပြီဆို နှိုးစက်မြည်သကဲ့သို့ သူမကို ဒီတိုင်းဖြစ်သွားတာ မြင်ရတတ်သဖြင့် ဒေါ်မဲကြီး ထကြည့်မိတာဖြစ်ကာ မကြာခင် သူမ ခြံထဲဆင်းတော့မှာကိုပါ ကြိုသိနေသောကြောင့်..။

"ညနေက ချွေးရူးလွတ်သွားတယ်တဲ့.. အဲဒါကြောင့် ခြံထဲ မဆင်းနဲ့နော်၊ ချွေးရူးနဲ့ တိုးမစိုးလို့.."

ပြောပြီး တံခါးကိုကွယ်၍ ရပ်နေမိသည်။ သူမ ဘာလုပ်မှာလဲ.. ခြံထဲ ဆင်း ထွက်သွားရင် အချိန်မီ လိုက်ရမည်။ ဒီတိုင်းဆက်ထိုင်နေလျှင် သူမ ပြန်မ အိပ်မချင်း ကိုယ်လည်း ထိုင်စောင့်ရတော့မှာဖြစ်ကာ..

"ဘာလုပ်နေတာလဲ.."

"ပလုတ်တုတ်..."

သူမျှားအခန်းရှေ့မှာ တိတ်တိတ်နေတုန်းမို့ လန့်ဖျပ်သွားသည်။ အနားမှာ မားမားကြီးရပ်နေကာ အတွယ်တာ့မျက်နှာလေးက ခံစားချက် မဲ့နေသလို အလင်းရောင်အောက်မှာ ဖြူဖပ်ဖပ် အေးစက်စက်နှင့်...

"ကိုမင်းက လူရှိရင် မလာဘူး.. အဘွားမဲ သွားအိပ်တော့.."

"ဩော်.. သူရိန်မင်း မလာပါဘူး၊ သူက.."

"သူလာနေပြီ..."

ဒေါ်မဲကြီး ခေါင်းခါလိုက်ပြီး ချော့မော့မလိုပြင်လျှင်...

"သွားပါဆို ဘာလုပ်နေတာလဲ.."

"အတွယ်တာရယ်.. အပြင်မှာ ခွေးရူးရှိပါတယ်ဆို၊ အဘွားတကယ် ပြော နေတာပါ.."

"ဘာရှိရှိ ကိုမင်းရှိတယ်.. ကျွန်မ မကြောက်ဘူး..."

"အတွယ်တာ.. မိန်းကလေး ဩော်..."

ဒေါ်မဲကြီး သနပ်ဖက်ဆေးလိပ် မီးညှိမလို့လုပ်နေတုန်း အတွယ်တာ အတင်းထွက်သွားသဖြင့် နောက်ကနေ လိုက်ရတော့သည်။ ချိုင်းကြားထည့် ထားသည့် လက်နှိပ်ဓာတ်မီးကို မီးဖွင့်လိုက်ပြီး...၊

"နေဦး အတွယ်တာ.."

အသက်အရွယ်နဲ့မလိုက်အောင် သန်မာတယ်လို့ ဘယ်လောက်ပဲဆိုဆို အထိုင်အထ အသွားအလာတော့ မဖျတ်လတ်တော့ပါ။ နောက်က တန်းလိုက်တာတောင် ခြံဝန်းထဲရောက်တော့ အတွယ်တာ့ကိုမတွေ့။ လှမ်းခေါ်ပြန်ရင်လည်း မကောင်း။ မျက်စိကမှုန်တော့ ဘယ်လောက်မျက်မှောင်ကုတ်ကြည့်ကြည့် နေ့အလင်းနဲ့ မီးအလင်းကမတူ။ ထို့ကြောင့် ခွေးအူသံတွေ ပိုကျယ်လာသည့် နောက်ကို နားစွံ၍ အရပ်မျက်နှာ ခွဲလိုက်သည်။ သူမ သရဲတစ္ဆေ မကြောက်တတ်ပါ။ ရုတ်တရက် ပြူးတူးပြဲတဲ အခြောက်ခံရတာမျိုးလည်း တစ်ခါမှ မဖြစ်ခဲ့ဖူးပေ။ သူရိန်မင်းကတော့ အတော် သောင်းကျန်းသည့်သရဲပါ။ ဇနီးသည်က ကိုယ်ဝန်အရင့်အမာနဲ့ ကျန်ခဲ့လို့ပဲ အစွဲလမ်းကြီးသွားတာလား မသိ။ သူသေသွားပေမယ့် ရွာသားတိုင်းလိုလို သူ့ကို မြင်ကြသည်။ တခြား အခြောက်ခံဖူးကြသည့် လူတွေအပြောအရ သရဲဖြစ်သွားတာနဲ့ လူပုံစံ မဟုတ်တော့ဘဲ တစ်ခုခု ချို့ယွင်းပျက်စီးနေသည့် ပုံနဲ့သာ သွားလာနေတတ်ကြသည်တဲ့..။ သူရိန်မင်းကိုတော့ လူ့ဘဝတုန်းကထက်တောင် တင့်တယ်ခန့်ညားနေသည့် အသွင်နဲ့သာ မြင်နေကြသည်။

"ဝတ်ကောင်းစားလှနဲ့ပါဗျာ.. အသားတရားလွန် ဖြူနေတာလေးတစ်ခုပဲ.."

"ကျုပ်တို့လည်း ကင်းလှည့်ကအပြန် အားလုံးမြင်လိုက်တယ်.. ဦးလေးကျီးညိုတို့ ခြံနောက်ကိုဝင်သွားတာ.."

လူတွေ အုတ်ကျွတ်ကျွတ်ဖြစ်အောင် သူရိန်မင်းက ရဲတင်းသည်။ ညသန်းခေါင်ကျော်မှ မြင်ရသည်။ မြင်လိုက်ရတိုင်း ဦးကျီးညိုခြံနားမှာပဲ ဖြစ်ကာ အတွယ်တာအိပ်သည့် အခန်းဘက်မှာ အမြဲတမ်း ရပ်နေတတ်၏။ သူရောက်လာတိုင်း ခွေးအူသံတွေပါကာ ခွေးတွေအူပြီဆို အတွယ်တာ ခြံထဲ

ဆင်းလေသည်။ ဒါက လူပြောများသည့် သတင်းစကားမဟုတ်သလို ပါးစပ်ရာဇဝင်လည်းမဟုတ် ပုံပြင်လည်း မဟုတ်...၊

"ဘာလို့ လိုက်လာတာလဲ.."

"ဟဲ့.."

စမ်းတဝါးဝါး ရှေ့တိုးရှာဖွေနေမိစဉ် ဓာတ်မီးရောင်ရှေ့မှာ ဘွားခနဲ ပေါ်လာသည့် အတွယ်တာ့မျက်နှာက တင်းမာသည်။ သနပ်ခါးပါးကွက် လတ်လတ်ဆတ်ဆတ်နှင့် ပို၍ လတ်ဆတ်နေတာက ခြံထောင့်မှာ အများကြီးရှိနေသည့် တရုတ်စကားပန်းပွင့်လေး နားမှာညှပ်လို့..၊

"ရှင့်ကြောင့် ကျွန်မယောက်ျား ပြန်သွားရပြီ.."

ဟင်..

စကားလုံးက ကြမ်းနေသည် အသံက တုန်ခါနေ၏။ ဒေါ်မဲကြီး စိုးရိမ်စိတ်ဝင်သွားပြီး နောက်ဆုတ်လိုက်တော့ အတွယ်တာက ရှေ့လိုက်လာကာ...၊

"ငါ့ယောက်ျား မလာအောင် လုပ်တဲ့သူမှန်သမျှ ငါသတ်ပစ်မှာ.."

"အတွယ်တာ.."

သူမက ဘေးက ဝါးခြမ်းတစ်ချောင်း လှည့်ယူကာ ဒေါ်မဲကြီးကို ရိုက်ပစ်လိုက်သည်။ ပြေးနိုင်ပေမယ့် လူကြီးမို့ ခြေလှမ်းက မမြန်။ သို့သော်...၊

"မလုပ်နဲ့ အတွယ်တာ.."

အိမ်သားတွေ နိုးလာကြပြီး သူမဆီ ပြေးလာကြတာ လူကိုရော တုတ်ကိုပါ ဝိုင်းဆွဲ၍ အိမ်ထဲ ခေါ်သွားကြ၏။

"လာ လာ.. ဒေါ်ကြီးမဲ.."

ဒေါ်သူဇာက ဒေါ်မဲကြီးလက်ကိုဆွဲ၍ ဂရုတစိုက်ခေါ်၏။ ဒီအဘွားအိုတစ်ယောက်ပဲ သရဲမကြောက်တတ်တာ ဖြစ်ကာ သူမပဲ အတွယ်တာ့ သည်း

ညည်းကို ခံနိုင်သည်။ ညစောင့်အိပ်ပေးဖို့ အကူခေါ်ထားရသည် ဆိုပေမယ့် ကျေးဇူးတင်ဖို့လည်း ကောင်းပါသည်။ အိမ်ထဲကျတော့ ဒေါ်မဲကြီးကို ရိုက်နှက်ဖို့ ကြိုးစားခဲ့သည့် အတွယ်တာ့ပုံစံက ပိုမို ကြမ်းတမ်းနေခဲ့လျက်…၊

"မဖယ်ရင် အကုန်သတ်မှာနော်.. သွားကြ လွှတ်.."

"မအော်နဲ့လေ အတွယ်တာ.. သန်းခေါင်ကျော်နေပြီ၊ နားမလည်ဘူးလား.."

"အစ်ကိုကြီးကလည်း ဒေါသပြိုင်မထွက်နဲ့လေ.. သူက ကျန်းမာတဲ့သူမှ မဟုတ်တာ.."

"မကျန်းမာတာ ရူးနေတာမှ မဟုတ်တာ.. တစ်နေကုန် ကောင်းပုံကောင်းရဲ့နဲ့ ဒီအချိန်ဆို ထဖောက်ပြီ၊ ငါတို့ကို ရပ်ကွက်ထဲကလူတွေကို လှည့်ရှင်းပြရ.. သူ့ကို ဆွဲမရ လွဲမရ.."

"ဘယ်သူက ဖြစ်ချင်မှာလဲ အစ်ကိုကြီးရယ်.. လူတွေဆိုတာလည်း သရဲကြောက်လို့ ပြောတာပါ၊ ကျွန်မတို့ကို ပြောတာမှ မဟုတ်တာကို.."

"တော်.. တော်.."

ဦးကျီးညို တူမဖြစ်သူကို မချင့်မရဲ စိုက်ကြည့်သည်။ ဟိုတုန်းက အေးချမ်းသာယာခဲ့ကြသည့် မိသားစုနိဗ္ဗာန်ဘုံလေးက ခုတော့ ပင်လယ်ကမ်းစပ်က သဲအိမ်ကလေးလိုပင်။ တွေးကြည့်မိတိုင်း ရင်နာခဲ့ရတော့ အတိတ်တစ်ချိန်က သာယာစိုပြည်ခဲ့သမျှသည် ပျက်စီးဆုံးရှုံးခြင်းနဲ့သာ အဆုံးသတ်ကြရမည့် ခဏတာသာယာခြင်းတွေဆိုတာ ကြိုသိခဲ့လျှင်…၊

******

## အခန်း (၅)

"ကိုမင်းနော်.. အတွယ် မွေးမပြီးမချင်း ဘယ်မှမသွားရဘူး..."

"မသွားပါဘူး အတွယ်ရာ.. ဒါလေးက မနက်သွား ညနေပြန် ခဏလေးပါ၊ ကိုယ့်ရွာစာသင်ကျောင်း ဆောက်ဖို့ဆိုတာ ငါတို့လို ရွာလူကြီးပိုင်းက လူတွေ ငွေအားရော လူအားရော ပါရမှာလေ..."

"ကိုယ့်ရွာအတွက်မှ မဟုတ်တာ.. နှစ်ရွာစပ်ကြားမှာ ဆောက်မှာ၊ နှစ်ရွာစလုံးနဲ့ ဆိုင်တယ်.."

"ကဲ အတွယ်တာရေ.. ရပ်ရေးရွာလေးကို မတားနဲ့၊ လူမုန်းများမယ်နော်"

အလိုလိုကာမှ ယောက္ခမဘက်က အဒေါ်ဖြစ်သူတွေက သူတို့တူကို အတွယ်တာနိုင်လွန်းပါတယ် ဆိုပြီး သိပ်ကြည်လင်ကြတာမဟုတ်။ နှစ်ယောက်စလုံးက မိဘတွေက ချမ်းသာကြသလို လူငယ်တွေကလည်း အချောအလှ တူညီကြကာ ပညာတတ်လေးတွေလည်း ဖြစ်နေသေးသည်။ ရွာသည်တစ်ခြမ်းက တောနားနီးပြီး ခေါင်ပေမယ့် တစ်ခြမ်းကတော့ သိပ်မခေါင်လှပေ။ ထို့ကြောင့် ပညာတတ်ဆိုတာလည်း ရှားပါးလှသည်တော့မဟုတ်။ အတွယ်တာက အဝေးသင်နဲ့ ကျောင်းပြီးခဲ့သလို သူရိန်မင်းက မြို့မှာ ကျောင်းသွားတက်ပြီး ဘွဲ့ရခဲ့သည်။ အထူးသဖြင့် ငွေကြေးပြည့်စုံသည့် မိသားစုတွေထဲမှာ ပညာတတ်ဘွဲ့ရတွေ ရှိနေတတ်ခဲ့ပြီး..၊

"ကျောင်းဆောက်ပြီးရင် ဆရာဆရာမတွေ ချက်ချင်း ပြည့်စုံမှာ မဟုတ်

ဘူး.. အဲဒီကျရင် ငါတို့ပဲ.."

"ဟင့်အင်း.. အမလေး ဆရာမလုပ်ဖို့ ပြောမလို့လား၊ အတွယ် စိတ်မရှည်ပါဘူး.. ကိုယ့်ဘာသာ ကလေးလုပ်ရတာ အားမရသေးဘူး၊ ကလေးတွေရဲ့ ဆရာမလုပ်ရမယ်လို့..."

"မင်းလည်း ကလေးလေး ရတော့မှာလေ.. ကိုယ့်ကလေး ကိုယ်ပြန်သင်ပေးရဦးမှာ၊ ဘာထူးမှာလဲ.."

လင်မယားနှစ်ယောက် တစ်ယောက်တစ်မျိုး စိတ်ကူးတွေယဉ်ပြီး ခွဲခြမ်းစိတ်ဖြာနေကြသည်။ သူရိန်မင်းနဲ့အတွယ်တာ အသက်ချင်းလည်း နှစ်နှစ်ကွာသလို သူရိန်မင်းက စိတ်ဓာတ်ပိုပြီး ရင့်ကျက်သူမို့ လူကြီးပုံလည်း ပေါက်၏။ အတွယ်တာက ဆံပင်တွေရှည်နေပေမယ့် ဒီဆံပင်တွေကို စည်းနှောင်ထားတတ်တာ သိပ်မရှိ။ ဖားလျားမချလျှင် ကျစ်ဆံမြီးလေး ကျစ်ထားတတ်ကာ နှစ်ဖက်ခွဲပြီး နားပန်းဆံစည်း ချထားတတ်တာလည်း ရှိသည်။ ထို့ကြောင့် သူမပုံစံလေးက အမြဲတမ်း လတ်ဆတ် နုငယ်နေတတ်၏။ အားလုံး၏ ဂရုစိုက် အလိုလိုက်မှုတွေကိုလည်း ရရှိထားသဖြင့် ပြောရလျှင် အတွယ်တာက ဆိုးပါသည်။ သူရိန်မင်းက ဗိုက်ပူပူလေးနှင့် စားသောက်ကောင်းနေပုံ ပေါ်သည့် ဇနီးသည်ကိုကြည့်ရင်း ပြုံးနေကာ..၊

"ဒေါ်လေးသမီး နေစောင်းမှ ခေါင်းလျှော်ထားတာ သိလား.. ဆံပင်တွေလည်း ခြောက်အောင်မသုတ်ဘူး၊ တော်ကြာ အဘွားမဲ ဖွန်ပန်းလာရောင်းရင် ပြေးထွက်ဦးမှာ.."

ပဲဟင်းရည်တွေ ပန်းကန်ထဲမှာ ရွှဲအောင်ဆမ်းလိုက်ပြီးမှ မနယ်သေးဘဲ သူ့ကိုလှမ်းကြည့်ကာ...၊

"ဘာလဲ.. ဗိုက်ကြီးသည် ညနေအပြင်မထွက်ရ ဆံပင်ဖြန့်ပြီး ညဘက်လမ်းထွက်မလျှောက်ရ ဆိုတာတွေ ချပြမလို့လား၊ ရှင်ဟာလေ ပညာတတ်

ဖြစ်ပြီး တောမှာလာပြီး အယူသည်းနေတယ်.."

"ပညာတတ်ဖြစ်တာနဲ့ပဲ ကိုယ့်ရွာကိုယ့်အထာတွေကို မေ့ပစ်လို့ရမလား.. ရိုးရာဓလေ့ထုံးစံ ဆိုတာလည်း မေ့ပျောက်ကောင်းတဲ့အရာ မဟုတ်ဘူး"

လင်က တစ်နေရာ မိန်းမက တစ်နေရာနှင့် စကားစစ်ထိုးနေကြတာ မပြီးနိုင်။ အတွယ်တာက ထမင်းနဲ့ပဲဟင်းကို ရွှဲနေအောင်နယ်ကာ လက်နဲ့မစားတော့ဘဲ ဟင်းပန်းကန်ထဲက ဇွန်းကိုယူပြီး ခပ်စားရင်း မျက်စောင်းလည်း ထိုးအားသေးသည်။ ထမင်းစားတိုင်း အမြဲတမ်း နောက်ဆုံးမှ ပြီးတတ်ကာ အမြဲတမ်း အရင်ဆုံးပြီးတတ်သော ဦးကျိုးညိုနဲ့ သူရိန်မင်းတို့က အချိုပွဲနဲ့ စားပွဲကို ရောက်နေပြီဖြစ်၏။ ဒေါ်သူဇာနဲ့ ညီအစ်မဝမ်းကွဲ တစ်ယောက်က ထမင်းစားပြီးစဆို ထိုင်မနေတတ်ကြသည့် အကျင့်ကြောင့် ဆန်ကောနှစ်ချပ်နှင့် ကုလားပဲဆံတွေ ထည့်လာကြပြီး ကြမ်းပေါ်မှာထိုင်သည်။ များသောအားဖြင့် ထမင်းစားချိန်တိုင်း လူစုံတက်လျက် အတွယ်တာ ကိုယ်ဝန်ရှိကာမှ စားပြီးတာနဲ့ ချက်ချင်း လူစုမကွဲကြတာလည်း အကျင့်ပါနေကြ၏။ တစ်နေ့တစ်နေ့ ဒီကိုယ်ဝန်ကိုပဲကြည့်ပြီး စိတ်ကူးတွေယဉ် ဟိုအကြောင်း ဒီအကြောင်း ရှေ့ရေးနောက်ရေးတွေလည်းပါ။ ‘ဒီထဲမှာ သူရိန်မင်းက အဆိုးဆုံး’။ အတွယ်တာကို ငယ်စဉ်တည်းက ဦးစားပေးခဲ့၊ အလိုလိုက်ခဲ့ရသလောက် အရွယ်တွေ ရလာတော့လည်း လက်ထပ်ဖို့ ကြိုးစားရတာ သူပဲဖြစ်သည်။

"ခုဆို ပိုဆိုးတာပေါ့.. မင်းမှာ ကိုယ်ဝန်ကြီးနဲ့၊ နှစ်ဖက်မိဘရဲ့ ရိုးရာတွေကို တစ်ခုမှ မစွန့်လွှတ်နိုင်ဘူး.. အစဉ်အလာမပျက် လုပ်ရမှာတွေဆို အကုန်လုပ်မှာပဲ.."

သူ့စကားကို ဆက်ပြောပြီး ထမင်းစားပြီး ထလာမည့် ဇနီးအတွက် စားလက်စ သစ်သီးပန်းကန်ကို ပြုပြင်နေရာချရင်း..၊

"ဦးလေး လိုက်ဦးမလား.. အမေတို့က အုန်းစိမ်းရေလုပ်ပေးထားမလို့တဲ့၊ ဟိုရောက်ရင် အုန်းစိမ်းယူပြီး ဦးလေးပြန်လေ.."

"မင့်မိန်းမအတွက် အုန်းစိမ်းရေယူဖို့ကတော့ တစ်ယောက်ယောက် ထည့်လိုက်ရင် ရပါတယ် သူရိန်မင်းရယ်. ပြီးတော့ လရင့်လာရင် အုန်းစိမ်းရေသောက်ရတာ မဟုတ်ဘူးမို့လား.."

"မဟုတ်ဘူး မဟုတ်ဘူး.. အုန်းစိမ်းရင့်ရင့်ခြောက်ခြောက် အရည်ကို သောက်ရတာ၊ လနုနေတုန်း ဖီးကြမ်းစားရတယ်.. အုန်းစိမ်းရေသောက်ရတယ်၊ ကလေးဖွံ့ဖွံ့ထွားထွားဖြစ်အောင်၊ လရင့်ပြန်တော့ ကလေးထွားလွန်းရင် မွေးရခက်တယ်လေ.. အဲဒါကြောင့် ထိန်းဆေးလေး မှီဝဲသလို အရည်ချောင် အုန်းသီးရင့်ရင့်လေး သောက်ရတာ.."

"ဟာ.. ဟိုမှာ အဘွားမဲလာပြီ"

"ဟာ… အတွယ် မပြေးနဲ့လေ.."

"မပြေးပါဘူး ကိုမင်းကလည်း.."

"ကျွတ်.."

လူကြီးတွေ မျက်လုံးပြူးသွားပေမယ့် သူရိန်မင်းလောက် ဘယ်သူမှမဆိုး။ သူ့မှာ ကိုယ်ဝန်ကို အရိပ်လို ကြည့်နေတာဖြစ်ကာ…၊

"မယ်ဆုံ.. နင့်အစ်မ ထမင်းရော ကုန်သွားရဲ့လား.."

"ဟုတ်ကဲ့.. ကုန်သွားပါပြီ၊ လက်လည်းဆေးပြီးပြီ.. သုတ်တော့ မသုတ်ရသေးဘူး.."

ထမင်းစားနေတုန်း တစ်ခုခု ထလုပ်လိုက်တိုင်း ထမင်းပြန်မစားတတ်တော့သည့် အကျင့်ရှိတာမို့ အတွယ်တာ့ကို ထမင်းစားချိန်တိုင်း သူဂရုစိုက်နေရသည်။ ဒေါ်သူဇာကတော့ တပြုံးပြုံးနဲ့ပါ။ သူတို့တွေ အတွယ်တာ့

အတွက် အိမ်ထောင်ရေး စီစဉ်ပေးခဲ့တာ မှန်သွားပြီလို့လည်း ပီတိနဲ့တွေးနေမိတာ ခဏခဏ။ ထိုစဉ် ဘယ်သူမှ မထင်မှတ်ထားခဲ့သော ပြောင်းလဲမှုကြီး တစ်ရပ် ဖြစ်သွားခဲ့လေသည်။ သူတို့အားလုံး အိမ်ထဲမှာ ရှိနေကြကာ အတွယ်တာက ပန်းထွက်ဝယ်သည်။ အပြင်သွားတိုင်း မယ်ဆုံပါသွားတတ်ပေမယ့် ကိုယ့်ခြံဝင်းထဲ ဟိုနားဒီနားနဲ့မို့ ဒီတစ်ခါ မယ်ဆုံလည်း ထမင်းဝိုင်းမှာ သိမ်းဆည်းရင်း ကျန်ခဲ့၏။ ပန်းဝယ်ပြီး သူမ လှည့်ထွက်လာကာမှ ရုတ်တရက် မြေငလျင်လှုပ်လာကာ..။

"ဟာ..."

"ငလျင်လှုပ်တာဟဲ့.. မထနဲ့ ထမပြေးကြနဲ့..."

"အတွယ့် မပြေးနဲ့.. အဲဒီမှာပဲနေ..."

"သမီးရေ.. ထိုင်ချလိုက်၊ ထိုင်ချလိုက်.."

တစ်ယောက်ကိုတစ်ယောက် ဆွဲကူဖေးမလို့ မလွယ်သော အခြေအနေ။ အတွယ် ယိုင်ခနဲဖြစ်သွားကာ ကိုယ့်ကိုယ်ကိုယ် လဲမသွားအောင် ထိန်းနေရင်း နောက်ထပ် သိမ့်ခနဲအခါမှာ ဖုတ်ခနဲ လဲကျသွား၏။ မြေပြင်မှာ ကိုယ်ခန္ဓာ ပုံကျသွားကာမှ တစ်ကိုယ်လုံးကို ဆွဲလွဲခါယမ်းနေသလို ယိမ်းထိုးနေတာကြီးက ကမ္ဘာမြေကြီး ဟက်တက်ကွဲပြီး ပြုတ်ကျသွားတော့မလို ခံစားမိကာ..။

"ကိုမင်း.. လုပ်ပါဦး.."

"မထနဲ့.. အတွယ်မပြေးနဲ့.."

သူမက စကားနားမထောင်။ ကြောက်အားလန့်အားနှင့် လဲလိုက်ထပြေးလိုက် ခရီးလည်းမတွင်ဘဲ သူပြေးသွားပြီး တစ်ယောက်လက်ကို တစ်ယောက် ဆုပ်မိကာမှ...။

"အတွယ်.. အတွယ်တာ.."

သူမ ခွေကျ မေ့မြောသွားလေသည်။ အိမ်အပေါ်ထပ်မှာ ရှိသမျှ ပစ္စည်းတွေ တင်ထားချိတ်ထားသမျှ ပစ္စည်းအားလုံး ပြုတ်ကျပြိုကျလျက် ဖရိုဖရဲ ကသောင်းကနင်းတွေ ဖြစ်သွားပြီးမှ ငလျင်က ရပ်၏။ သူတို့တွေ သမားတော်ပြေးပင့်ကာ အတွယ်တာ့ကို စမ်းသပ် ကုသခိုင်းကြ၏။ သမားတော်ကြီးက သက်ပြင်းချခဲ့ပြီး..။

"ဘာမှမဖြစ်ပါဘူး.. လန့်သွားတာပါ၊ ဒါပေမဲ့ ကိုယ်ဝန်ဆောင်လည်းဖြစ် ခေါင်းလည်းလျှော်ထားတော့ သိပ်စိတ်ချထားလို့ မရဘူးနော်.. ဖြစ်ပြီးတာကို ဘာမှလည်း မတတ်နိုင်ဘူးလေ၊ သူ့ကို သရဏဂုံ အမြဲမပြတ် ရွတ်ခိုင်းပြီး ဘာသာရေးနဲ့ မပြတ်လပ်အောင် နေပါစေ.. အနည်းဆုံး ပါဏာတိပါတကံကို လုံအောင် စောင့်ခိုင်းပါ.."

ဗုဒ္ဓဘာသာသဘောအရ ဆေးနဲ့မနိုင် တရားပြိုင်ဆိုတာမျိုး သမားတော်ကိုယ်တိုင်က ဘုရားတရားအလုပ် လုပ်ဖို့ တိုက်တွန်းသွားသဖြင့် သူ့ဇနီးသည်ကို ဆေးကုလို့မရသည့် အခြေအနေအဖြစ်တွေးကာ သူရင်မှန်းချောက်ချားနေခဲ့၏။ နေကောင်းသွားသဖြင့် အတွယ်တာက ပေ့ါပေ့ါပါးပါး သာယာနေသလောက် သူ့မှာ ဖွင့်လည်းမပြောရက် စိုးရိမ်နေတာက တစ်မျိုး..၊

"ဘုရားသွားရအောင် အတွယ်.. ဘုရားမှာ အမှိုက်လှဲ ညောင်ရေအိုးတွေ သန့်စင်ဆေးကြောပြီး ကုသိုလ်ယူမယ်၊ ပြီးတော့ ငါတို့လင်မယား ထုံးသင်္ကန်း ကပ်ရအောင်လေ.. ဘုရားပရဝုဏ်ရှိသလောက် သုံးထပ်လောက် သုတ်လိုက်ရင် နှစ်နှစ်လောက်တော့ အေးဆေးပဲ.."

"ခုတလော ဘာတွေဖြစ်နေတာလဲ ကိုမင်းရယ်.. ညညလည်း ဘုရားအတင်း ရှိခိုးခိုင်းလို့ခိုင်း၊ မိုးလင်းတာနဲ့ ဘုရား.. နားနေတာမြင်တာနဲ့

ဘုရား၊ အတွယ်ဖိုက်ကြီးရတာ စိတ်တောင် ညစ်လာပြီ.. တခြား ဖိုက်ကြီးသည်တွေ အဲလိုပဲ လုပ်နေရတာလား.."

အတွယ်က သိပ်တော့မဆိုးလှပါ။ ခိုင်းရင်လည်း လုပ်သည်။ ကောင်းတာ ခိုင်းနေတာမှန်းလည်း နားလည်သည်။ သူမ နားမလည်တာက အိမ်ကလူ တွေ ဘာကို စိတ်ပူနေကြမှန်း မသိတာပင်။ ထို့ပြင် သူမဘဝထဲက သာယာ မှုအပေါင်းကို မကြာခင် မွှေနှောက် ဖျက်ဆီးပစ်တော့မည့် ကံကြမ္မာလက် မည်းကြီး နီးကပ်လာတာကို မမြင်နိုင်ခဲ့။ ကိုယ်ဝန်မွေးဖွားခန်း ရွေးချယ် ပွဲလုပ်ဖို့ အားလုံးက တက်ကြွနေကြသော ရာသီဥတု သာယာနေသည့် နေ့ တစ်နေ့မှာ အတွယ်ဖိုက်လေး တစမ်းစမ်းနှင့် မျက်နှာသိပ်မကောင်းချင်...၊

"ဘာဖြစ်လို့လဲ အတွယ်.. ကိုယ်လက်မအီမသာ ဖြစ်နေတာလား.."

ဒေါ်သူဇာမေးပေမယ့် သူမ ခေါင်းခါလိုက်သည်။

"ချဉ်ဟင်းတွေစားတာ မနက်ညဆက်သွားလို့ ဝမ်းပျက်ချင်နေတာပါ..."

ဖိုက်ထဲမှာ တင်းသလိုလို ခါးကြောတွေ နာသလိုလိုနှင့် နာမှန်းမသိ ကိုက် မှန်းမသိ။ ဝမ်းပျက်ချင်လို့ နာတာလား ကလေးမွေးချင်လို့ နာတာလား မ ခွဲခြားတတ်။ စိုးရိမ်စိတ်တော့ ဝင်ပေမယ့် နာလိုက်ပျောက်လိုက်မို့ မေ့မေ့ပျောက်ပျောက်သာ။ ထိုစဉ် သူရိန်မင်းက ခမောက်ကြီးပိုက်ပြီး အိမ် ထဲဝင်လာကာ...၊

"မိန်းမရေ.. အာ ကန်တော့ ကန်တော့၊ ဒေါ်လေးရှိနေတာလား.. လျှိုဘက် ခြမ်းကို ဝါးခုတ်သမားတွေသွားကြမှာ အတွယ့်အတွက် ကျွန်တော်လည်း ဆေးမြစ်ရှာချင်လို့ တစ်မနက်ခင်းလောက်တော့ လိုက်သွားဦးမယ်.."

"သြော်.. လျှိုဘက်ခြမ်းကို သမားတော် ဦးဗလနဲ့ လိုက်မှာဆို၊ ဝါးခုတ် သမားတွေက သူ့အလုပ်သူ လုပ်ကြမှာ.. တစ်ယောက်နဲ့တစ်ယောက်

အကူအညီရမှာလည်း မဟုတ်ဘဲနဲ့ကွယ်.."

"သမားတော်ပြောတဲ့ဆေးမြစ် ကျွန်တော် သိပါတယ် ဒေါ်လေးရဲ့.. နေ့လယ်ပွဲအမီ ပြန်ရောက်မှာပါ.."

"နေပါဦး ကိုမင်းရဲ့... အတွယ်တို့ ပျော်ပွဲရွှင်ပွဲ ရှိနေတာတောင် ဘာဆေးမြစ်လဲ၊ အတွယ့်အတွက်ဆိုတာဘာလဲ.. ဗိုက်လေးတစ်လုံးကြီးတာ သေတော့မယ့်လူ ကျနေတာပဲ.."

"ဟာ.. ကြည့်စမ်း.."

"ကြည့်စမ်းဟယ်.. ဒီမိန်းကလေး အပြောကြမ်းလိုက်တာ၊ စကားတစ်ခွန်းက အပြောလွယ်တယ်.. အနှုတ်ခက်တယ် နားလည်လား၊ ဒီလိုနိမိတ်မရှိတဲ့ စကားမျိုးကို ပက်ခနဲ ပြောချလိုက်ရလား..."

သူမက ဘာမှမသိ၊ ဆေးဆရာကြီးပြောခဲ့တာက ကြောက်စရာ..၊

"ကိုယ်ဝန်ဆောင်စဉ် ငလျင်ဒဏ်သင့်ထားရင် မွေးဖွားပြီးတဲ့အခါ ကလေးနဲ့မိခင် တစ်ယောက်ယောက်မှာ အဲဒီဆိုးကျိုးကို ခံရတတ်တယ်.. နောက်ပြီး သူက ခေါင်းလျှော်ထားသေးတယ်၊ ဒါ အင်မတန် စိုးရိမ်ရမယ့် အခြေအနေ.. ကျုပ်နိမိတ်မရှိတဲ့စကား မပြောချင်ဘူး၊ ဒါပေမဲ့ ကြိုသိထားမှ ဂရုစိုက်နိုင်မယ်.. ဒီမိန်းကလေး ဦးခေါင်းပိုင်းဆိုင်ရာမှာ ဒဏ်သင့်နိုင်တယ်၊ သို့တည်းမဟုတ် ကလေးမှာ ချို့ယွင်းမှု ပါလာနိုင်တယ်.. ဂရုစိုက်ပါ၊ ဘာသာရေးလည်း လုပ်ရမယ်.. ဆေးဝါးကုသမှုကိုလည်း ပေါ့ဆလို့မရဘူး.."

"ဆေးရှိတယ်.. ဒါပေမဲ့ ကျုပ်လည်း ခုမှစမ်းသပ်ရမှာ၊ အဲဒီဆေးမြစ်က သည်းခြေနိုင်တယ်.. ကျုပ်ရဲ့ ဓာတ်ကြီးလေးပါး တေဆေးနဲ့ရောပြီး မီးမဖွားခင် တစ်ပတ်လောက်စောပြီး သောက်ထားလိုက်မယ်ဆိုရင်တော့ မကောင်းကျိုးပြစ် ခံစားရသက်သာမယ်"

"ကျုပ်နဲ့လိုက်ခဲ့ပါ.. အဲဒီဆေးမြစ်နဲ့ ခွဲရခက်အောင် တူတဲ့ ဆေးမြစ် ကျုပ်ပြထားမယ်၊ မင်းအရင် တောထဲဝင်ဖြစ်ရင်လည်း ဂရုစိုက်ရှာကြည့်ပါ.."

ဒီစကားတွေဆိုပြီးမှ ဆေးဆရာကြီးကလည်း မအားမလပ်တွေချည်း ဖြစ်နေသည်။ ထို့ကြောင့် သူရိန်မင်း ဘယ်လိုမှ နေလို့မရတော့ဘဲ ကိုယ်တိုင်သွားဖို့ လုပ်ရတာဖြစ်သည်။ ဆရာကြီးကိုစောင့်ရင်း ရက်တွေကြာလာတော့ သွားဖို့ ဆုံးဖြတ်လိုက်သည့် အချိန်ကလည်း ဒီမှာ ပွဲလုပ်မည့်အချိန် ဖြစ်နေသည်။ ကိုယ်ဝန်ဆောင်မီးဖွားဖို့ ကိုယ့်မိဘအိမ် ယောက္ခမအိမ် ရွေးချယ်သည်ဆိုခြင်းမှာ ရွာက သူဌေးအိမ်တွေသာ လုပ်တတ်ကြကာ ပျော်ပွဲရွှင်ပွဲလည်း ဖြစ်သည်။ ထို့ပြင် ကိုယ်ဝန်ဆောင်၏ ရွေးချယ်မှုကို ဦးစားပေးတာလည်း ပါ၏။ ဒါက ဘယ်က ဆင်းသက် ကျန်ရစ်သည့် စကားထုံးစံမှ မဟုတ်ပေ။ ဒီရွာမှာပဲ ဒီရွာသားတွေ အစွဲပြုကျင်းပခဲ့သည့် ပွဲပဲဖြစ်သည်။ မင်္ဂလာဆောင်ကဲ့သို့ အကျွေးအမွေးတွေနဲ့ ကနဦးပိုင်းပျော်ရွှင်စွာ ကျင်းပကာ နောက်ပိုင်းမှာ နှစ်ဖက်မိဘကို ကန်တော့ကြသည်။ ကန်တော့ရင်းနဲ့ သတို့သမီးက ရွေးချယ်ရတာဖြစ်ကာ သူမရဲ့ရွေးချယ်မှုကို မိဘက လက်ခံအတည်ပြုရခြင်း ဖြစ်သည်။ ထိုအချိန်မှာ ကိုယ်ဝန်ဆောင်၏ ရွေးချယ်မှုကို တားမြစ်ခွင့်မရှိသလို မွေးဖွားသည့်အချိန်ထိ ဒီရွေးချယ်မှုကသာ တည်စေရသည်။ မိခင်လောင်းမိန်းမအတွက် အတိုင်းမသိ ပျော်ရွှင်ကြသည့် ပွဲမျိုးဖြစ်သည့်အလျှောက် အတွယ်တာသည်လည်း ထိုနေ့မှာ မျက်နှာစုံညီ ရှိချင်သည့် ဆန္ဒတစ်ခုတည်းဖြင့် သူရိန်မင်းလက်ကို ကလေးတစ်ယောက်လို အသေဆွဲထားလျက်..၊

"ဟင့်အင်း.. မသွားနဲ့၊ အတွယ့်အတွက်ဆို မလိုဘူး.. ဒီမှာကြည့်ပါဦး ကျန်းမာလိုက်တာမှ.."

သူမ အတင်းဆွဲထားနေသည့် ကြားက သူရိန်မင်းကလည်း ဇွတ်ထွက်

သည်။ သူမအတွက်မှန်း သိနေကြသဖြင့် လူကြီးတွေကအစ သူရိန်မင်း ဘက်က ဖြစ်နေကြကာ အတွယ် ခြေလေးဆောင့်ရင်း ကျန်ရစ်၏။ သို့သော်..၊

"ကိုမင်း.. နေ့လယ်မတိုင်ခင် ပြန်လာနော်၊ ဒါပဲ... အတွယ် ညောင်ဝိုင်းကြီးထိပ်က လာစောင့်နေမှာ.."

သူရိန်မင်း မြို့မှာ ကျောင်းတက်နေစဉ်ကလည်း ရွာပြန်လာမည် ကြားတာနှင့် အတွယ်က ညောင်ပင်အောက်ကို ရောက်နှင့်ပြီးဖြစ်ကာ..

"သိလား.. ကြားတယ်နော်၊ အတွယ့်ကို တကယ်စိတ်ပူရင် နေမပူခင် ပြန်လာခဲ့.. မဟုတ်ရင်တော့ နေပူပူ ဘာပူပူ ထီးမဆောင်းဘဲ ထွက်စောင့်နေမှာ.."

ထဘီကို လက်နှစ်ဖက်နဲ့ဆွဲမကာ ခါးလေးကုန်းနေအောင် အော်ပြောနေသည်။ သူရိန်မင်း လွယ်အိတ်ကို ကြိုးတိုအောင်ထုံးနေရင်း ခြံပြင်ရောက်မှ လှည့်ကြည့်ကာ..၊

"ဒေါ်လေးတူမကို သေချာကြည့်ထားဦးနော်.. အဲ့ကောင်မလေး ပြောလို့ရတာ မဟုတ်ဘူး.."

စိတ်မချစွာ လှမ်းပြောသွားခြင်းက နောက်ဆုံး အမှာစကား ဖြစ်ခဲ့လေသည်။ သူရိန်မင်းနဲ့ အတွယ်တာတို့၏ ရင်နင့်ဖွယ်အဖြစ်အပျက် အပြောင်းအလဲတွေက ထိုနေ့မှစကာ...၊

"အား.. ဗိုက်နာတယ်.."

"အတွယ်တာ.."

သူမ အော်သံတစ်ချက် ကြားလိုက်သည်။ ထို့ပြင်...

"ကိုမင်း ပိုးထိလို့ ဒေါ်လေးသူဇာ..."

"အပြင်က ပြေးလာပြောသော သတင်းဆိုးက တစ်ပြိုင်တည်းလိုလို...၊

"ဟဲ့.. ဘယ်ကိုလဲ၊ ခုနကပဲ ဗိုက်နာလို့ဆို.."

"အခုမနာတော့ဘူး .. ညောင်ပင်ဝိုင်းသွားမလို့.."

ကိုမင်းကို သူမ စောင့်နေခဲ့သည်။ လူတွေ ရယ်မော စနောက်နေကြတာ အားပါးတရ စားသောက်နေကြတာ ကိုယ့်ကိုအကြောင်းပြုသည့် စားသောက်ပွဲကြီးပေမယ့် ဘယ်ကိုကြည့်လို့မှ မသာယာနိုင်။ ထို့ကြောင့် တကယ်တမ်း သူရိန်မင်းကို ပြောလိုက်သလို သူမ မလုပ်ခဲ့ပါ။ နေ့လယ် တစ်နာရီထိ စောင့်နေခဲ့သေးသည်။ လူကြီးတွေလည်း မျက်နှာတွေပျက်ကာ သူရိန်မင်းမိဘတွေကို မတွေ့တော့ခြင်းက သူမအတွက် ရတက်မအေးစရာ ဖြစ်လာခဲ့၏။

"ဒေါ်ဒေါ်မြတို့က အတွယ့်အတွက် ကိုမင်း တောထဲဝင် ဆေးမြစ်ရှာရမလားဆိုပြီး မကျေနပ်လို့ ထပြန်သွားကြတာလား.. အတွယ်က ဒီမှာပဲမွေးမှာလို့ ကြုံပြောလိုက်မိတာ ကြားပြီး စိတ်ဆိုးသွားတာလား၊ ဘာလို့ ပြန်သွားကြတာလဲဟင်.."

"မဟုတ်ပါဘူး အတွယ်ရယ်.."

လူကြီးတွေ ဘယ်လိုရှင်းပြရမှန်း မသိခဲ့ပေ။ သူရိန်မင်းက ပိုးထိလို့ ရွာကိုပြန်လာခေါ်ကြပေမယ့် ခုတော့ ဆုံးသွားပြီဖြစ်သည်။ ရွာမှာ ကျန်းမာရေး ဆေးကုခန်းလေး ရှိသည်။ ပိုးထိလို့ သေတာမို့လို့ ဆေးခန်းကနေ အိမ်ကို ပြန်သယ်ဖို့တောင် အခက်တွေ့နေကြရကာ ဒေါ်မြလေးတို့ ထိုကိစ္စအတွက် ဘယ်လို ဖြေရှင်းနေကြသည် ဆိုတာတောင် မသိ။ ဒီမှာလည်း အတွယ့်ကို ဘယ်လိုတားလို့မှ မရသဖြင့် ခမည်းခမက်ချင်း မကူညီနိုင်...၊

"ပြန်ရအောင်ပါ အတွယ်..."

"မပြန်ပါဘူး.. ဖယ်နော် သူ့ကို အတွယ်ပြောလိုက်ပြီးသား၊ ခုထိ စောင့်နေခဲ့တာတောင် အတော် သဘောကောင်းထားရတာ.."

ညောင်ပင်ဝိုင်းကို သွားဖို့ ဇွတ်ထွက်သည်။ နွားလှည်းနဲ့ လိုက်ပို့ပါ့မယ် ပြောတာလည်းမရ။ ပိုစိုးရိမ်တာက ညောင်ပင်ဝိုင်းကို သွားမည်ဆိုလျှင် ရွာထဲမှာ သူရိန်မင်းသတင်းက တောမီးလို ပျံ့နှံ့ပြီး လူတိုင်း လက်တို့ပြောနေကြတာမို့ အတွယ်သိသွားမှာ ကျိန်းသေ၏။ ဆိုးရွားသည့် အခြေအနေနှစ်ခု တိုက်ဆိုင်စွာ ဖြစ်ပေါ်လာခဲ့ခြင်းသည် တစ်ရွာလုံးကို အထိတ်တလန့် ဖြစ်ကုန်စေကာ ညောင်ပင်အောက်သို့ မသွားလိုက်ရခင် အတွယ် ဗိုက်နာလေသည်။

"ကိုမင်းရေ.. ကိုမင်း လာပါ၊ အား.. နာတယ်.."

"ဂျိမ်း.. ဒလိန်း.."

အတွယ်ရဲ့ တမ်းတညည်းညူသံက စူးရှသလို မှောင်ရီမည်းဘဲ မိုးခြိမ်းသံက ပြင်းရှစွာ ထွက်ပေါ်လာသည်။ ပြီးမှ မိုးရိပ်တို့တက်လာပြီး လျှပ်ရောင်တဝင်းဝင်းနှင့် မိုးစက်တွေ သွန်ချလာကြ၏။

"နာတယ်.. ကိုမင်းရေ၊ ကိုမင်းကိုခေါ်ပေး.. သူအိမ်ရှေ့မှာ ရပ်နေတယ်။ ဘာလို့ ဝင်မလာတာလဲ..."

ဘုရား..

လူကြီးတွေ မျက်လုံးပြူးကုန်ကြကာ ငယ်ရွယ်သည့် မိန်းကလေးတွေ တစ်ယောက်နဲ့တစ်ယောက် ကျောချင်းကပ်တွေ ဖြစ်ကုန်ကြသည်။ ဒီနေ့က ကိုယ်ဝန်သည်ပွဲ ရှိနေသဖြင့် အိမ်မှာ လူမပြတ် ရှိနေခဲ့ကြသည်။ နေ့လယ်ခင်းက အကျွေးအမွေးကြောင့် အိုးခွက်ပန်းကန် ဆေးနေကြသည့် ရွာထဲက မိန်းကလေးတွေလည်း အများကြီးပင်။ မွေးရက်မဟုတ်သေးဘဲ ဗိုက်နာလာ

သည့် အဖြစ်ကြောင့် အိမ်မှာရှိနေသမျှ လူအကုန်မွေးလူနာရဲ့ အနီးအနားမှာ ရှိနေကြကာ..၊

"လုပ်ပါဦး.. သူ သူ မြင်နေရတာဖြစ်မယ်.."

"ဟုတ်တယ်.. မီးနေသည်ကံနိမ့်နေတာ၊ ဟိုကောင်လေးကလည်း မိန်းမကို စိတ်စွဲသွားမှာပဲ..."

"သူ့လောက်ချစ်တာ မပြောနဲ့.. တော်ရုံ လင်မယားတွေတောင် ကိုယ်ဝန်ဆောင် မိန်းမ ကျန်ခဲ့ရင် အဲဒီယောက်ျား မကျွတ်ဘူးဗျ၊ မွေးဖွားတဲ့အထိ မီးနေ စောင့်တယ်တဲ့.."

"ဟဲ့.. တိတ်ကြစမ်း၊ သူရိန်မင်းက ဒီနားမှာရှိတယ်.."

"အမလေး.."

"အား.. သေပါပြီ၊ အတင်းကပ်ဖိရလား မိအေးရဲ့.."

အနားမှာရှိတယ် ပြောလိုက်တာနှင့် မိန်းကလေးတွေ တစ်ယောက်နဲ့တစ်ယောက် အော်တိုမစ်တစ် ထပ်ကုန်ကြ၏။ အချိန်က နေဝင်ရီသရော မိုးနဲ့လေကြောင့် ပြတင်းတံခါးတွေ ပြေးရိုက် တံစက်မြိတ် ယိုင်နဲ့နဲ့တွေ ကွာကျ။ လေက တဖျန်းဖျန်း တိုးတိုက်နေသည်။ အိမ်ကြီး ကြီးသလောက် အပေါ်ထပ် အောက်ထပ်မှာ လူတွေပြည့်နေကြကာ ဘယ်သူမှ ကွေးထားသည့် ခြေထောက်ကို မဆန့်ရဲ။ ဆုပ်ကိုင်ထားသည့် လက်သီးတွေ ရင်ဘတ်ကနေ မကွာဝံ့။ မိုးသည် ဟူးဟူးရားရား တိုက်ခတ်နေသည့် လေပြင်းနှင့် အပြိုင်ကြဲနေခဲ့ပြီး...၊

"ကိုမင်း ကြည့်နေတယ်.. သူ့ကို ဘာလို့ မဝင်ခိုင်းကြတာလဲ.."

ဗိုက်နာနေသည့်အတွက် ငိုသံက အားလုံးကို ကြက်သီးထစေခဲ့လျက် နာတာရှည်နေသည့် ကိုယ်ဝန်ကလည်း တော်တော်နဲ့ မမွေးဖွားနိုင်။

နောက်ဆုံးမှာ လူကြီးတွေ တိုင်ပင်ရတော့သည်။ ထို့နောက်..

"ကဲ.. ငါတို့ ခွင့်ပြုပေ့ါမယ်၊ နင့်ယောကျ်ားကိုခေါ်လိုက်ပါ.. သူ့အနားမှာ ရှိနေရင်တော့ ကလေးထွက်လာနိုင်အောင် ကောင်းကောင်း ညှစ်အားပေးရမယ်.. ဟုတ်ပြီလား.."

သားဖွားဆရာမနဲ့ လက်သည်အဒေါ်ကြီး၏ တောင်းဆိုမှုအရ မွေးလူနာနဲ့ ကလေးကိုငဲ့ပြီး ခွင့်ပြုရသော်လည်း...၊

"ဘာလုပ်တာလဲ ကိုစိန်ရေ.."

"ဟုတ်တယ်.. မကောင်းဆိုးဝါးဖြစ်နေရင် သူ့နာမည်ခေါ်ပြီး ခွင့်ပြုတာနဲ့ ခွန်အား ကြီးမားသွားတယ်တဲ့၊ ခင်ဗျား မလုပ်ကောင်းတာတွေ မလုပ်နဲ့လေ"

"မလုပ်ကောင်းတာကိုလုပ်ရင် ဘာဖြစ်လာမလဲ မသိတော့ဘူး.. ဒီမှာ အသက်နှစ်ချောင်းလေ.."

"ဒါနဲ့ပဲ သူ့ယောကျ်ားကိစ္စကို အတွယ်တာ သိသွားတော့မယ်.. ဖယ်ကြဗျာ.. ကိုင်း.. သူရိန်မင်း အိမ်ထဲဝင်ဟေ့..."

"အမလေး.."

"ဟိုဘက်တိုးစမ်းပါ.."

"ဟဲ့.. မျက်နှာဝှက်ပြီး စွတ်တိုးမနေနဲ့၊ ဒီမှာ ကျိုးတော့မယ်.."

ထိုနေ့က အဖြစ်ကိုတော့ တစ်ရွာလုံး မေ့နိုင်မှာ မဟုတ်လောက်ပေ...၊

"ကိုမင်းရယ်.. ရှင်က ရက်စက်လှချေလား၊ အတွယ့်ကို ရပ်ကြည့်နေတယ်ပေ့ါ.."

"........"

"မသွားနဲ့.. ကျွန်မလက်ကို ကိုင်ထားပါ..."

အတွယ်တာက စကားတွေပြောနေသည်။ တစ်ခုခုကို ဆုပ်ကိုင်ထားသလို သူမ လက်ချောင်းလေးတွေကို စိုက်ကြည့်ရင်း ကြည့်ရဲသည့်လူတွေတောင် တံတွေးမျိုချနေရ၏။ တစ်ယောက်နောက်ကို တစ်ယောက် မသိမသာ ဆုပ်နေမိကြရင်း မွေးလူနာမှန်းလည်း သတိမရတော့ဘဲ လက်သည်က ထွက်ကြပါဆိုမှ ထွက်ပေးဖို့ သတိရခဲ့ကြသည်။ အတွယ်ကတော့ မွေးပြီးတာနှင့် သတိလစ်သွားခဲ့တာ အတော်ကြီးကြာသည်အထိ သတိမရခဲ့။ သတိရလာသည့် အခါတွင်လည်း..၊

"ဒါ ဘယ်သူ့ကလေးလဲ.."

ဆိုသည့် မေးခွန်းနှင့်အတူ...၊

"ကျွန်မက အပျိုပါ... ကျွန်မရည်းစားက ကိုမင်း..."

သူမသည် 'ကိုမင်း' ဆိုသည့် နာမည်တစ်ခုကိုသာ ရေရွတ်နေတတ်ခဲ့လျက် ထိုကိုမင်းသည် ဘယ်ကလဲ ဖြူသလား မည်းသလား ဘာညာ ဘာမှလည်းမသိဘဲ...၊

******